ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ တနင်္လာနေ့၊ (1-5-2006) (၄၉၄၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အလုပ်သမားကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ကြိုးပမ်းမှုကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လုပ်ခလစာများ၊ အခွင့်အရေးနှင့်အခွင့်အလမ်းများ ထိုက်ထိုက်တန်တန်ရရှိရေး နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိ မြန်မာအလုပ်သမားကြီးများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် သမိုင်းမှတ်ကျောက်တင်ခဲ့နိုင်ခဲ့ ထိုအစဉ်အလာကောင်းကို ထိန်းသိမ်းရင်း နယ်ချဲ့လက်သစ်များနှင့် ပုဆိန်ရိုးများ၏အန္တရာယ်ကို တားဆီးကာကွယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၆ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာ–

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

၂၀၀၆ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍအသီးသီးတွင် ကြိုးပမ်းစွမ်းဆောင်ပေးနေကြသော ကာယ၊ ဉာဏ အလုပ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် ဤသဝဏ်လွှာကို ဂုဏ်ပြုပေးပို့အပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ခဲ့ရစဉ်ကာလက မြန်မာတိုင်းရင်းသား အလုပ်သမားကြီးများ၏ လုပ်အားကို မသေရုံ လုပ်ခလစာပေး၍ ဖိနှိပ်ရယူ အသုံးချပြီး မြန်မာနိုင်ငံ၏ မြေပေါ်မြေအောက် သယံဇာတများကို နယ်ချဲ့အစိုးရနှင့် ယင်းတို့၏ နောက်လိုက်နောက်ပါများက ထုတ်ယူသုံးစွဲခဲ့ကြသည့် အတိတ်သမိုင်းမှာ တိုင်းပြည်ချစ်သည့်၊ အမျိုးချစ်သည့် တိုင်းရင်းသားတိုင်း ဘယ်သောအခါမှ မေ့ပျောက်မရနိုင်သော နာကြည်းကြေကွဲဖွယ်ရာ သမိုင်းဖြစ်ရပ်မှန်များ ဖြစ်ပါသည်။ ထိုအမှောင်ခေတ် ကာလများအတွင်း မြန်မာတိုင်းရင်းသား အလုပ်သမားကြီးများအား နယ်ချဲ့တို့က ဖိနှိပ်ခိုင်းစေခဲ့ပုံများကိုလည်းကောင်း၊ အလုပ်သမားကြီးများ၏ သွေး၊ ချွေးနှင့် အသက်ပေါင်းများစွာတို့ကို နယ်ချဲ့နှင့် အပေါင်းပါတို့အတွက် စတေးခဲ့ရပုံများကိုလည်းကောင်း၊ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုးကြားတက်ကြွ ဖွဲ့လုံ့လရှိသည့် ဗီဇစိတ်ဓာတ်ကောင်းများ သေးသိမ်ပျက်ပြားအောင် နယ်ချဲ့တို့က အစီအစဉ်ရှိရှိ ဖျက်ဆီးခဲ့ပုံများကိုလည်းကောင်း သမိုင်းစာမျက်နှာများတွင် ထင်ထင်ရှားရှား တွေ့ရှိရမည်လည်းဖြစ်ပါသည်။

အလုပ်သမားများ၊ တောင်သူလယ်သမားများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးရယူနိုင်ခဲ့ပြီးနောက် နိုင်ငံတော်ကို ပြန်လည်ထူထောင်ရမည့်အချိန်တွင် ရောင်စုံလက်နက်ကိုင် ဆန့်ကျင်မှုအဖုံဖုံကြောင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

အမှာစကား ပြောကြား

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် လားရှိုးမြို့ ကောက်ကွေ့ရေလှောင်တမံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(လယ်/ဆည်)

လားရှိုးမြို့နယ် ကောက်ကွေ့ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တက်ရောက်ဖွင့်လှစ်ပေး သီးထပ်သီးနှံ ၈၄၅ ဧက စိုက်ပျိုးရေနှင့် မန်ဆူကျေးရွာအုပ်စု သောက်သုံးရေ ပေးဝေနိုင်မည်

ရန်ကုန် ဧပြီ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ ကောက်ကွေ့ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၉နာရီတွင် ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

၂၀၀၆ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

(1-5)01.P65 1 1/1/32, 8:24 AM

ကြေးမုံ The Mirror

၁-၅-၂၀၀၆
(တနင်္လာနေ့)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းလက်တွဲဆောင်ရွက်

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့နှင့် ဆက်စပ်ဖြစ်ပေါ်လာသည့် မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးကို အန္တရာယ်ပြုလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်နေကြသည်။

မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့တို့က မျိုးစေ့ချပေးခဲ့သည့် ဆိုးမွေတစ်ရပ်ဖြစ်သည်။ တစ်မျိုးသားလုံးကို လူညွန့်တုံးစေမည့်ဘိန်းကို တိုင်းရင်းသားများ စိုက်ပျိုး၊ သုံးစွဲတတ်စေရန် နယ်ချဲ့တို့ ဖန်တီးပြုလုပ်ခဲ့သော ဆိုးမွေ၏ ဒဏ်ကို တိုင်းရင်းသားများ ခါးစည်းခံစားခဲ့ကြရသည်။

နိုင်ငံတော်အစိုးရက မြန်မာ့မြေပေါ်မှ မူးယစ်ဆေးဝါးဆိုးမွေများ လုံးဝကင်းစင်ပပျောက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေး(၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစီမံကိန်းကို ငါးနှစ်စီမံကိန်းသုံးခုဖြင့် ပိုင်းခြားဆောင်ရွက်လျက်ရှိရာ ပထမငါးနှစ်စီမံကိန်းကာလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိ ၂၂ မြို့နယ်၊ ဒုတိယငါးနှစ်စီမံကိန်းကာလအတွင်း ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ မြို့နယ်ပေါင်း ၂၀၊ တတိယငါးနှစ်စီမံကိန်းကာလအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ကိုးမြို့နယ် စုစုပေါင်းမြို့နယ် ၅၁ မြို့နယ်တို့တွင် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပန်းတိုင်သစ်စီမံကိန်းကိုလည်း ၂၀၀၂ ခုနှစ် ဧပြီလမှ စတင်၍ ဖော်ဆောင်လျက်ရှိသည်။ အဆိုပါစီမံကိန်း၏အစီအစဉ်အရ ဒေသအလိုက် တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များက ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး ပညာပေး ဆွေးနွေးခြင်း၊ ဘိန်းအစားထိုးသီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဖြူးပေးခြင်း၊ ဒေသအလိုက်ဖြစ်ထွန်းသည့် မျိုးတိရစ္ဆာန်များ ဖြန့်ဖြူးခြင်း၊ ဘိန်းမစိုက်ပျိုးသည့်တောင်သူများအား ဆန်နှင့် ဆားရိက္ခာများ ဖြန့်ဖြူးပေးခြင်းတို့ဖြင့် ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

ပန်းတိုင်သစ်စီမံကိန်း၏ အကျိုးရလဒ်အဖြစ် ဘိန်းစိုက်တောင်သူများ ကိုယ်တိုင်က ဘိန်းစိုက်ပျိုးမှုကို လိုလိုလားလား စွန့်လွှတ်လာကြပြီး စိုက်ပျိုးရန်စုဆောင်းထားသည့် ဘိန်းမျိုးစေ့များ၊ ဘိန်းသီးခြောက်များကို ဒေသအာဏာပိုင်များထံ ၎င်းတို့၏ အသိစိတ်ဖြင့် လာရောက်အပ်နှံကြသဖြင့် အဆိုပါဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များကို ၁၃ ကြိမ် မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

ဘိန်းစိုက်ပျိုးမှု ချုပ်ငြိမ်းပပျောက်ရေးလုပ်ငန်းများနှင့်အတူ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကိုလည်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အလေးထား လုပ်ကိုင်လျက်ရှိရာ ၁၉၈၈ ခုနှစ်မှ ၂၀၀၆ ခုနှစ် မတ်လအထိ ဖမ်းဆီးရမိသည့်အမှုပေါင်း ၇၇၆၄၀ ရှိပြီး ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၏ ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၄၃၂ သန်းကျော် ရှိကြောင်းသိရသည်။

ယင်းကဲ့သို့ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၌ ၁၉ ကြိမ်၊ နယ်စပ်ဒေသနှင့် အခြားမြို့များ၌ ၃၈ ကြိမ် မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။ မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၅၄၉၅ သန်းအထိ ရှိခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက နိုးကြားတက်ကြွစွာ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးခြင်းကိုကြပ်မတ်

ရန်ကုန် ဧပြီ ၃၀

မော်တော်ယာဉ်မသုံးစွဲ ရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲ ရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ ဌာနဆိုင်ရာမော်တော်ယာဉ်များနှင့် တပ်မတော် မော်တော်ယာဉ်များ သွားလာသုံးစွဲ ခြင်း စစ်ဆေးနေမှုတို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

မော်တော်ယာဉ်မသုံးစွဲ ရနေ့စစ်ဆေးရေး အဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ ဌာနဆိုင်ရာ မော်တော်ယာဉ်များနှင့် တပ်မတော် မော်တော်ယာဉ်များ သွားလာသုံးစွဲ ရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များ ဖြစ်သည့်သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲ ခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်) နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

စစ်ဆေးကြပ်မတ်

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ကော်မတီဝင်များ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့ဝင်များ၏ စစ်ဆေးနေမှုကို စစ်ဆေးကြပ်မတ်ကြစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် အခြေခံပညာအထက်တန်းအဆင့် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူသည် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်နှင့် မွန်ပြည်နယ် ပညာရေးမှူး ဦးအောင်မြို့တို့နှင့်အတူ ဧပြီ ၂၁ရက်တွင် မော်လမြိုင်တက္ကသိုလ်၌ ဖွင့်လှစ်လျက်ရှိသော မွန်ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ်မှ အခြေခံပညာအထက်တန်းအဆင့် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းသို့ ရောက်ရှိပြီး ရာမညဆောင်(၁)၌ အင်္ဂလိပ်၊ သင်္ချာနှင့် ကွန်ပျူတာ သင်တန်းများ၌ တက်ရောက်လျက်ရှိကြသည့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဘာသာရပ်အလိုက် ထူးချွန် ထက်မြက်သည့် လူငယ်များ တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက်ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်မဆောင်၌ ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ၏ လက်တွေ့သရုပ်ပြသင်ကြားပြသနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ဝဲပုံ)**

၄၇၈ ဦး တက်ရောက်

ယင်းမွမ်းမံသင်တန်းများသို့ အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာဘာသာပြ ၁၃၇ဦး၊ သင်္ချာ ဘာသာပြ ၁၃၁ဦးနှင့် ရူပဗေဒဘာသာပြ ၁၁၀ စုစုပေါင်း ဆရာ၊ ဆရာမ ၄၇၈ဦးတို့ တက်ရောက်လျက်ရှိကြပြီး သင်တန်းကာလမှာ မတ် ၂၈ရက်မှ မေ ၂၆ရက်အထိ ဖြစ်သည်။ (သတင်းစဉ်)

သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ သန်လျင်၌ကျင်းပ

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ ကျက်သရေဆောင် သာသနာ့ဗိမာန်တော် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၈နာရီတွင် သာသနာ့ဗိမာန် တည်ဆောက်ရေး အုပ်ချုပ်မှု ကော်မတီရုံး၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အလှူတော်ငွေပေးအပ်ပွဲတွင် ဦးကျင်ရှောင်-ဒေါ်အေးတင့်**(ယာပုံ)**၊ ဦးစိန်တို့အား ရည်စူး၍ ဦးခင်မောင်ထွန်း-ဒေါ်ခင်ဝင်း မိသားစုတို့က အလှူငွေကျပ် ၁၀သိန်း၊ ဦးတင်လှိုင်-ဒေါ်မြင့်မြင့်အေးနှင့် သား မောင်ဇော်ထူးအောင်တို့အား ရည်စူး၍ ဦးခင်မောင်နိုင်-ဒေါ်သူရကေသွယ်လှိုင် မိသားစုတို့က အလှူငွေကျပ် ၁၀သိန်း၊ ဒေါ်လန်းအား ရည်စူး၍ ဦးဂျင်မီ မိသားစုက အလှူငွေကျပ် ၁၃၅၀၀၀၊ ဦးထွန်းမောင်-ဒေါ်ကျင်အေးတို့အား ရည်စူး၍ ဦးအုန်းအေး-ဒေါ်မာမာသန်း (မိသားစု ဆီချက်၊ သန်လျင်)က အလှူငွေကျပ် တစ်သိန်းတို့အား အသီးသီးပေးအပ်လှူဒါန်းကြရာ သာသနာ့ဗိမာန် တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်စိုး(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ရှိန်နှင့် ဦးအောင်သန်းဦးတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။(သတင်းစဉ်)

အမျိုးသားညီလာခံကြီးတွင် အလုပ်သမားကြီးများ၏ ကိုယ်စားလှယ်များပါဝင် အနာဂတ်နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးလျက်ရှိ

✻ အလုပ်သမားကြီးများမှ

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုမရှိခဲ့ခြင်း၊ နိုင်ငံတော် ထူထောင်ရေးတွင် အရေးပါသည့် အင်အားစုများဖြစ်သော အလုပ်သမားနှင့် တောင်သူလယ်သမားများအတွင်း နိုင်ငံရေးပါတီများ ဝင်ရောက်ခြယ်လှယ် အရောင်ဆိုးခဲ့ကြသဖြင့် စည်းလုံးညီညွတ်မှုပျက်ပြားခဲ့ရခြင်းတို့ကြောင့် နိုင်ငံတော် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အဟောသိကံဖြစ်ခဲ့ရပါသည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပေါင်းစုအင်အားဖြင့် တည်ဆောက်လျက်ရှိရာတွင် ကာယ၊ ဉာဏ အလုပ်သမားကြီးများ၏ ကြိုးပမ်းစွမ်းဆောင်မှုမှာ လွန်စွာအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

သို့ဖြစ်၍လည်း နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်သမားကြီးများ၏ ထက်မြက်သောစွမ်းပကားကို အသိအမှတ်ပြုလျက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အကောင်အထည်ဖော်ရာတွင် အလုပ်သမားကြီးများ တက်ကြွစွာ ပါဝင်စွမ်းဆောင်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပါသည်။ ကာယ၊ ဉာဏ အလုပ်သမားကြီးများကလည်း နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများတွင် တက်ညီလက်ညီ ပါဝင်စွမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်နေရပါသည်။

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

ယနေ့အချိန်အခါတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မှန်ကန်သောဦးဆောင်မှုကြောင့် နိုင်ငံနှင့်အဝန်း စက်မှုဇုန်များ၊ ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ ရုံး၊ ဌာနများ ဖြစ်ထွန်းလာလျက်ရှိပြီး ခေတ်မီကုန်ထုတ်စက်ကိရိယာများနှင့် နည်းပညာများ၊ နိုင်ငံတကာ အဆင့်မီ ရုံးသုံးကိရိယာများနှင့် စီမံခန့်ခွဲမှုပညာများကို အလုပ်သမားကြီးများ ကိုင်တွယ် အသုံးပြုလာနိုင်ပြီ ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ ကြည်ဖြူစွာ လက်တွဲပူးပေါင်းဆောင်ရွက်မှု၊ ကာယ၊ ဉာဏ အလုပ်သမားကြီးများ၊ တောင်သူလယ်သမားကြီးများ၏ အားထုတ်ကြိုးပမ်း စွမ်းဆောင်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ ရည်မှန်းသည်ထက် ပိုမိုအောင်မြင်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းမှုနှင့်အတူ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို အထင်အရှား တွေ့မြင်နေရပြီဖြစ်ပါသည်။

ယင်းသို့ အလုပ်သမားကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ ကာယ၊ ဉာဏ၊ ဝီရိယ စိုက်ထုတ်ကြိုးပမ်းမှုကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရေမြင့်၍ ကြာတင့်သည့်ပမာ ကာယ၊ ဉာဏ အလုပ်သမားကြီးများ၏ လုပ်ခလစာများ၊ အခွင့်အရေးနှင့် အခွင့်အလမ်းများ ထိုက်ထိုက်တန်တန် ရရှိခံစားရစေရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညွတ်တက်ကြွစွာ ပူးပေါင်းကြိုးပမ်းမှုကြောင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၌ အောင်မြင်မှုအသီးအပွင့်များ ဖြစ်ထွန်းနေချိန်၊ အလုပ်သမားကြီးများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သည့်ခေတ်ကာလနှင့်မျှမတူအောင် လုပ်ခလစာများ၊ အခွင့်အရေးနှင့် ရပိုင်ခွင့်များ ထိုက်တန်စွာရရှိခံစားနေရချိန်တွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့က အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို ခြယ်လှယ်ကြိုးကိုင်၍ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးကို အကာအကွယ်ပေးလေဟန်ဖြင့် မြန်မာနိုင်ငံအား ပုတ်ခတ်စွပ်စွဲမှုများ ပြုလုပ်ခြင်း၊ ယင်းတို့၏လက်ကိုင်တုတ်များကို အလုပ်သမားအရေခြုံစေ၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအတွင်း ဝင်ရောက်လှုပ်ရှားစေပြီး မြန်မာနိုင်ငံနှင့် မြန်မာအလုပ်သမားများ၏အကျိုး ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်ခြင်းများကို အလုပ်သမားထုကြီးတစ်ရပ်လုံးက အမျိုးသားရေးအမြင် ကြည်လင်ထက်သန်စွာဖြင့် သတိပြု ကာကွယ်ကြရမည် ဖြစ်ပါသည်။

မြန်မာအလုပ်သမားကြီးများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့သည် သမိုင်းတွင် အကြိမ်ကြိမ် မှတ်ကျောက်တင်ခံနိုင်ခဲ့ပြီးဖြစ်ရာ ထိုအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းရင်း နယ်ချဲ့လက်သစ်များနှင့် အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးများ၏အန္တရာယ်ကို တားဆီးကာကွယ်ကြရမည် ဖြစ်ပါသည်။

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ်ကို နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍ တည်ဆောက်လျက်ရှိရာတွင် ယင်းမူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိပါသည်။ ယင်းအမျိုးသားညီလာခံကြီးတွင် အလုပ်သမားကြီးများ၏ ကိုယ်စားလှယ်များပါဝင်၍ အနာဂတ်နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများရရှိစေရန် ဝိုင်းဝန်းအကြံပြု ဆွေးနွေးလျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပါသည်။

ဤသို့သော ကောင်းမြတ်သည့် အချိန်အခါသမယတွင် အလုပ်သမားကြီးများ၏ ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေး ကြိုးပမ်းအားထုတ်မှုအဝဝသည် အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းရေးကို ထင်ဟပ်လျက်ရှိသည့်အလျောက် ကာယ၊ ဉာဏ အလုပ်သမားကြီးများက အမျိုးသားရေး အသိစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့်–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး အမြန်ဆုံး ပေါ်ထွန်းလာရေးအတွက် လည်းကောင်း၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် လည်းကောင်း၊**
- **နယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ လက်ကိုင်တုတ်များ၏ နှောင့်ယှက်ဖျက်ဆီးမှုများကို ဟန့်တားကာကွယ်ရေးအတွက် လည်းကောင်း၊**
- **ပြည်ထောင်စုကြီး စုစည်းခိုင်မာစွာ အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေး အတွက်လည်းကောင်း**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ရှေ့တန်းမှ ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ။

ကိုလိုနီနယ်ချဲ့လက်သစ်တို့က အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများကို ခြယ်လှယ်ကြိုးကိုင်၍ လူ့အခွင့်အရေး၊ အလုပ်သမား အခွင့်အရေးကို အကာအကွယ် ပေးလေဟန်ဖြင့် မြန်မာနိုင်ငံအား ပုတ်ခတ်စွပ်စွဲမှုများ ပြုလုပ်ခြင်း၊ ယင်းတို့၏ လက်ကိုင်တုတ်များကို အလုပ်သမားအရေခြုံစေ၍ အပြည် ပြည်ဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဝင်ရောက်လှုပ်ရှား စေပြီး မြန်မာနိုင်ငံနှင့် မြန်မာအလုပ်သမားများ၏အကျိုး ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်ခြင်းများကို အလုပ် သမားထုကြီးတစ်ရပ်လုံးက အမျိုးသားရေးအမြင် ကြည်လင် ထက်သန်စွာဖြင့် သတိပြုကာကွယ်။

ရတနာမာန်အောင် ဆရာတော်အား အမှူးထား၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်းနေ ဦးချစ်စိန်–ဒေါ်စောကြင်မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းကို ဝိနယကောဝိဒ ဆရာတော် ဘဒ္ဒန္တ အရိယဓမ္မထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) ဒုတိယဉက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး ကြည့်ရှုစစ်ဆေး၊ ဟောပြောဆွေးနွေး၊

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်၏ ဦးဆောင်မှုဖြင့် မြို့နယ်ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးကြီးကြပ်မှုအဖွဲ့–အဖွဲ့ခေါင်းဆောင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အောင်ဝင်း၊ အဖွဲ့အတွင်းရေးမှူး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာသန်းလွင်၊ အဖွဲ့ဝင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဒေါ်ခင်နှင်းရီနှင့် သဃ်္ဃန်းကျွန်း စည်ပင်သာယာဈေးကြီးတာဝန်ခံ ဒေါ်မေမေလွင်၊ ငမိုးရိပ်စံပြဈေးကြီးတာဝန်ခံ ဦးဝင်းနိုင်ဦးတို့ပါဝင်သည့် အဖွဲ့သည် ယနေ့နံနက် ၈ နာရီက မြို့နယ်အတွင်းရှိ သဃ်္ဃန်းကျွန်းဈေးကြီးနှင့်ငမိုးရိပ်စံပြဈေးများရှိ ကြက်၊ ဘဲ ရောင်းချသူများ၏ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းပြီး ရောင်းချမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ မြို့နယ်အတွင်းရှိ ကြက်၊ ဘဲ မွေးမြူရေးခြံသမားများနှင့် ကြက်၊ ဘဲရောင်းချသူများအား မြို့နယ်ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးကြီးကြပ်မှုအဖွဲ့မှ တာဝန်ရှိသူများက ကြက်ငှက်တုပ်ကွေး ရောဂါနှင့် ပတ်သက်သည့် သိကောင်း စရာများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ကြိုတင်ကာကွယ်ရမည့် အချက်များအား ရှင်းလင်းဟောပြော ဆွေးနွေးကြသည်။ (၅၀၆)

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပထမသုံးလပတ်၌ ၂၉ ရာခိုင်နှုန်း မြင့်တက်လာ

ဂျကာတာ မေ ၂၉

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်တွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု(အက်ဖ်ဒီအိုင်)လုပ်ငန်းသည် ၂၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အစိုးရက ထုတ်ဖော်ပြောကြားချက်ကို မေ ၂၇ ရက် သတင်းစာတွင် ရေးသား ဖော်ပြခဲ့သည်။

ယခုနှစ် ပထမ သုံးလပတ်တွင် လုပ်ငန်းပေါင်း ၂၂၆ ခု အပေါ် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံငွေသည် အမေရိကန် ဒေါ်လာ ၂ ဒသမ ၆၁ ဘီလီယံရှိကြောင်း၊ ယမန်နှစ် အလားတူကာလက လုပ်ငန်းပေါင်း ၂၁၁ ခုတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ဂျကာတာပို့စ် သတင်းစာက ဖော်ပြထားသည်။

သို့သော် ၂၀၀၅ ခုနှစ် ပထမ သုံးလပတ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၀၄ ခုနှစ် အလားတူကာလကနှင့် နှိုင်းယှဉ်လျှင် ကျဆင်းလျက်ရှိသည်။

ပြည်ပမှ ရင်းနှီးမှုလုပ်သော နိုင်ငံများတွင် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ပါဝင်ကြသည်။ အဆိုပါ နိုင်ငံတို့သည် သတ္တုလုပ်ငန်း၊ စက်ယန္တရားနှင့် လျှပ်စစ်ပစ္စည်းလုပ်ငန်းတို့တွင် အမေရိကန် ဒေါ်လာ ၄၉၅ ဒသမ ၃ သန်း၊ စက္ကူနှင့် ပုံနှိပ်လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၄၃၀ ဒသမ ၄ သန်းနှင့် အထည်အလိပ်လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၃၉၂ ဒသမ ၂ သန်း ရင်းနှီးမြှုပ်နှံခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံရှိဆမ်ဆောင်း အီလက်ထရွန်းနစ် ကုမ္ပဏီက နောက်ဆုံး တီထွင်ထုတ်လုပ်သော SCH-B 200 အမျိုးအစား မိုဘိုင်းဖုန်းကို မေ ၂၉ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ် သစ်အချောထည် တင်ပို့မှုလုပ်ငန်း ပထမ လေးလ၌ ဒေါ်လာ ၆၅၆သန်းဖိုး ရရှိ

ဟနွိုင်း မေ ၂၉

ဗီယက်နမ်နိုင်ငံသည် သစ်သားဖြင့်ပြုလုပ်သော ပရိဘောဂများ တင်ပို့ရောင်းချရမှုသည် ယခုနှစ် ပထမလေးလတာကာလတွင် အမေရိကန်ဒေါ်လာ ၆၅၆ သန်း ရရှိကြောင်း၊ ယမန်နှစ်ကထက် ၃၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဗီယက်နမ် သစ်ထုတ်လုပ်ရေးဌာနက မေ ၂၇ ရက်တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် သစ်အချောထည်လုပ်ငန်းကို ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်နှင့် ထိုင်းကုမ္ပဏီတို့မှ လာရောက်လုပ်ကိုင်ကြသည်။ ၎င်းတို့၏ ကုန်ပစ္စည်းများကို ကနေဒါ၊ ရုရှားနှင့် ဥရောပအရှေ့ဘက်သို့ တိုးချဲ့တင်ပို့ရောင်းချခဲ့သည်။ အဆိုပါ ပစ္စည်းများတွင် စားပွဲ၊ ကုလားထိုင်၊ ခုတင်နှင့် ဗီရိုတို့ပါဝင်သည်။

ရပ်ဆိုင်းထား

အဆိုပါကုမ္ပဏီများသည် ကုန်ကြမ်းများရရှိရန် ရှာဖွေဆောင်ရွက်လျက်ရှိသည်။ အချို့ကုမ္ပဏီများသည် ကနေဒါနိုင်ငံမှ သစ်လုံးများ တင်သွင်းခဲ့သည့်အပြင် ကုန်သွယ်ရေးဈေးကွက်ဖြစ်သော ဖိလစ်ပိုင်၊ နယူးဇီလန်နှင့် အာဖရိကနိုင်ငံတို့မှလည်း တင်သွင်းမှုပြုလုပ်ကြသည်။ အရှေ့တောင်အာရှတွင် သစ်လုံးနှင့် သစ်တင်သွင်းမှုအကြီးဆုံး နိုင်ငံဖြစ်သော အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့သည် သစ်သားဖြင့် ပြုလုပ်ထားသော ပစ္စည်းနှစ်မျိုးကို တင်သွင်းမှုရပ်ဆိုင်းထားကြောင်း အဆိုပါ အဖွဲ့က ပြောကြားခဲ့သည်။

ဝယ်လိုအား

ဗီယက်နမ်သည် သစ်အချောထည်လုပ်ငန်း ၁၂၀၀ ခန့်ရှိကြောင်း၊ ထိုလုပ်ငန်းမှ သစ်ထုထည် ကုဗမီတာ ၂၅၃ သန်း နှစ်စဉ်သုံးစွဲကြောင်း၊ သို့သော် ဝယ်လိုအားတန် ၂၀ ရာခိုင်နှုန်းခန့်သာ ပြည်တွင်းမှ ရရှိကြောင်း ဖော်ပြခဲ့သည်။

ထိုသစ်အချောထည် ပို့ကုန်လုပ်ငန်းမှ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံခန့် ရရှိကြောင်း၊ ၂၀၀၄ ခုနှစ်ကထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ပိုမိုလာကြောင်း၊ ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ပိုမိုရရှိလာမည်ဟု မျှော်မှန်းထားသည်။

ယခုအခါ ထိုသစ်အခြေခံကုန်ပစ္စည်း ထုတ်လုပ်သော ဒေသနှင့်နိုင်ငံပေါင်း ၁၂၀ ရှိကြောင်း အဆိုပါအဖွဲ့က ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သဘာဝအလှအပများဖြင့် ခရီးသွားလုပ်ငန်းမြင့်တင်နေသော လာအိုနိုင်ငံရှိ ရေတံခွန်တစ်ခုကို မေ၂၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်သံတမန်၏ မော်တော်ယာဉ် ကာဇက်သမ္မတ၏ မော်တော်ယာဉ်နှင့် တိုက်လုနီးပါး ဖြစ်ခဲ့

အယ်လ်မာတီ မေ ၂၉

အမေရိကန်သံတမန်တစ်ဦး၏ မော်တော်ယာဉ်သည် ကာဇက်စတန်သမ္မတ နာဆူလီယန်နာဇာဘေယက်ဖ် မော်တော်ယာဉ်တန်းဆီသို့ မတော်တဆ ဦးတည်ရောက်ရှိသွားကြောင်း အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ သို့ရာတွင် အမေရိကန်သံတမန်၏ မော်တော်ယာဉ်သည် ကာဇက်သမ္မတ၏ မော်တော်ယာဉ်ကို တိုက်လုနီးပါးဖြစ်သွားခဲ့ကြောင်း ရုရှားမီဒီယာသတင်းဌာနက ဖော်ပြသည်။

ကာဇက် သမ္မတ၏ လုံခြုံရေး သက်တော်စောင့်များက အမေရိကန် သံတမန်၏ ဂျစ်အမျိုးအစား မော်တော်ယာဉ်သည် သံတမန်သုံး ယာဉ်ဖြစ်ကြောင်း သိရှိသဖြင့် ပစ်ခတ်ခြင်းမပြုခဲ့ဟု တပ်စ်သတင်းဌာနက ဖော်ပြသည်။ အဆိုပါ ဂျစ်မော်တော်ယာဉ်က သမ္မတ၏ မော်တော်ယာဉ်ကို တိုက်လုနီးပါး ဖြစ်သွားခဲ့သည်ဟု ဖော်ပြသည်။

ပြောကြား

လက်နက် ကိုင်ဆောင်ထားခြင်း မရှိသည့် အမေရိကန် သံတမန်က ကာဇက်စတန်နိုင်ငံ၏ မြို့တော် အယ်လ်မာတီမှ စီးပွားရေးအရ အချက်အချာကျသည့်နေရာရှိ အဆောက်အအုံတစ်ခု၏ ယာဉ်ရပ်ထားသည့် နေရာမှ ယာဉ်မောင်းထွက်လာခဲ့ပြီး ကာဇက်သမ္မတ၏ မော်တော်ယာဉ်တန်းဆီသို့ ဝင်ရောက်သွားခဲ့ခြင်း ဖြစ်သည်ဟု အမေရိကန်သံရုံးက ပြောကြားသည်။

ဖော်ပြထား

ရဲတပ်ဖွဲ့က အမေရိကန်သံတမန်ကို ဆွဲခေါ်ယူခဲ့ပြီး ၎င်း၏ သံတမန်အဆင့်နှင့် ယာဉ်မောင်းလိုင်စင် စစ်မှန်မှုရှိ၊ မရှိ စစ်ဆေးကြောင်း၊ ရဲက ၎င်းကို စစ်ဆေးရန် မခေါ်မီ နားလည်မှုလွဲမှားခဲ့သေးကြောင်း အမေရိကန်သံရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

နာဆာရီယာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲ အီတလီတပ်ဖွဲ့ဝင် သုံးဦးနှင့် ရိုမေးနီးယားတပ်ဖွဲ့ဝင် တစ်ဦး သေဆုံး

ရောမ မေ ၂၉

အီရတ်နိုင်ငံ တောင်ပိုင်းဒေသတွင် စစ်ဘက် မော်တော်ယာဉ်တန်းတစ်ခု လမ်းဘေးဗုံး ဖောက်ခွဲခံရသဖြင့် စီးနင်းလိုက်ပါလာသည့် အီတလီတပ်ဖွဲ့ဝင် သုံးဦးနှင့် ရိုမေးနီးယားတပ်ဖွဲ့ဝင် တစ်ဦးတို့ ကြာသပတေးနေ့က သေဆုံးခဲ့ကြောင်း အီတလီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

စတုတ္ထမြောက် အီတလီတပ်ဖွဲ့ဝင် တစ်ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်ဟု အဆိုပါ ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရတ်ရှိ အီတလီတပ်ဖွဲ့ဝင်များ စခန်းချရာ နာဆာရီယာမြို့တွင် ယင်းပေါက်ကွဲမှုဖြစ်ပွား ခဲ့ခြင်းဖြစ်သည်။

နာဆာရီယာမြို့တွင် အီတလီတပ်ဖွဲ့ဝင် ၂၀၀၀ ကျော်ဖြန့်ကြက်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်တွင် ရေလွှမ်းမိုးမည့် အန္တရာယ်ရှိနေ

ကွမ်ကျိုး မေ ၂၉

တရုတ်နိုင်ငံ တောင်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာပြီး ရေလျှံမှုဖြစ်ပွားမည် စိုးရိမ်နေရစဉ်အတွင်း တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုံပြည်နယ် အစိုးရက ရေလှောင်ကန်များ ခိုင်မာစေရန် ဆောင်ရွက်လျက်ရှိသည်။

ကွမ်တုံပြည်နယ်ရှိ ဒေသအများစုတွင် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့က မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး ရေပမာဏမြင့်မားလျက်ရှိနေကာ ရေလှောင်ကန်အချို့ ကျိုးပျက်မည့်အခြေအနေဖြင့် ကြုံတွေ့နေရသည်။

ကွမ်တုံပြည်နယ်၏ မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတွင် နေ့စဉ် မိုးရွာသွန်းလျက်ရှိပြီး မိုးရေချိန် မီလီမီတာ ၆၀ မှ ၉၅ အထိရှိနေသည်ဟု ဒေသရှိမိုးလေဝသဌာနက ပြောကြားသည်။

ယင်းဒေသတွင် လာမည့်နှစ်ရက်အတွင်း မိုးသည်းထန်ပြီး လေပြင်းပါကျရောက်နိုင်သည်ဟု လေ့လာရေးဌာနက ပြောကြားသည်။

ယင်းပြည်နယ်တွင် ရေလှောင်ကန် ၆၇၃၂ ခုရှိပြီး ရေကုဗမီတာ ဘီလီယံ ၄၀ ကျော်ရှိသည်။ ယင်းသို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလှောင်ကန်များ၏ အခြေအနေသည် ထိခိုက်ပျက်စီးနိုင်သည့် အန္တရာယ်ရှိနေသည်ဟု ပြည်နယ်ရေဘေး ကာကွယ်ရေး အာဏာပိုင်များက သတိပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူနိုင်ငံတွင် ကုန်တိုက်သို့လာရောက်သည့် ဧည့်သည်များအား ကြိုဆိုမည့် ဟီလီယမ်ဓာတ်ငွေ့သွင်း မိုးပျံဖားရုပ်ပုံကို မေ ၂၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့ ဒုတိယအကြီးဆုံး ခရီးသွားလုပ်ငန်း တရုတ်နိုင်ငံ၌ ဖြစ်ထွန်းလာမည်

ပေကျင်း ဧပြီ ၂၉

တရုတ်နိုင်ငံသည် လာမည့်ဆယ်စုနှစ်အတွင်းကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ၌ ဒုတိယအကြီးဆုံးသော ခရီးသွားလုပ်ငန်း တည်ရှိရာနိုင်ငံဖြစ်လာမည် ဖြစ်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီက ဧပြီ ၂၇ရက်တွင် ဟောကိန်းထုတ်လိုက်သည်။ တရုတ်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအရလည်းကောင်း၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကို အမျိုးသားစီးပွားရေးအတွက် အားထားရသည့် လုပ်ငန်းကဏ္ဍတစ်ရပ်အဖြစ်သို့ တည်ဆောက်နေခြင်းကြောင့် လည်းကောင်း တရုတ်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်း ကောင်စီက ပြောကြားသည်။

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း၌ တရုတ်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၆ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကာ ရင်းနှီးမြှုပ်နှံမှု ယွမ် ၂၇၇၀ ဒသမ ၃ ဘီလီယံအထိ ရောက်ရှိလာမည်ဖြစ်ကြောင်း အဆိုပါ ကောင်စီက ပြောကြားသည်။

အင်တာနက်။

ဗြိတိန်နိုင်ငံ အရှေ့ပိုင်းတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးတွေ့ရှိပြီးနောက် ရောဂါတားဆီးကာကွယ်ရေး ဆောင်ရွက်နေသည်ကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



အာဖဂန်နစ္စတန်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်း တိုးချဲ့မည်

ဆိုဖီယာ ဧပြီ ၂၉

တာလီဘန် ပြောက်ကျားများ၏ တိုက်ခိုက်မှုများ မြင့်တက်လာသည့် အာဖဂန်နစ္စတန်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်း တိုးချဲ့ရေးကိစ္စနှင့်ပတ်သက်၍ ဧပြီ ၂၇ရက်က ကျင်းပသော မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးတွင် ဆွေးနွေးကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆွေးနွေး

ဘူလ်ဂေးရီးယားနိုင်ငံ မြို့တော်ဆိုဖီယာတွင် နှစ်ရက်ကြာကျင်းပသော အဆိုပါဆွေးနွေးပွဲ၌ ဆူဒန်နိုင်ငံ အနောက်ပိုင်း ဒါဖာဒေသတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများမြှင့်တင်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍လည်း ဆွေးနွေးကြသည်။

အာဖရိကတိုက်ရှိ ဒါဖာဒေသပြဿနာတွင် နေတိုးအဖွဲ့က ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့များကို စေလွှတ်ပေးရန် ရည်ရွယ်ခြင်းမရှိသော်လည်း ယင်းဒေသတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှု ဆောင်ရွက်နေသည့် အာဖရိကတပ်ဖွဲ့ဝင်များကို အကူအညီ ပိုမိုပေးနိုင်ဖွယ်ရှိသည်။ ***အင်တာနက်။***



အမေရိကန် နာဆာ၏ အာကာသလွန်းပြန်ယာဉ်တွင်တပ်ဆင်မည့်ပြင်ပလောင်စာကန်အား သယ်ယူပို့ဆောင်ရေး ယာဉ်ပေါ်သို့ တင်ဆောင်နေသည်ကို ဧပြီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇမ်ဘီယာတောင်ပိုင်းတွင် တောဆင်ရိုင်းများ သောင်းကျန်းနေ

လူဆာကာ ဧပြီ ၂၉

အာဖရိကတိုက်ရှိ ဇမ်ဘီယာနိုင်ငံတောင်ပိုင်းတွင် တောဆင်ရိုင်းများက ရွာများအတွင်းသို့ ဝင်ရောက်ကာ ကောက်ပဲသီးနှံ စိုက်ခင်းများနှင့် ရိက္ခာဂိုဒေါင်များကို ဖျက်ဆီးလျက်ရှိသည်။ အကယ်၍ အာဏာပိုင်များက တောဆင်ရိုင်းများကို ဖမ်းဆီးပေးခြင်းမရှိပါက မိမိတို့ကိုယ်တိုင် တောဆင်ရိုင်းများကို ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ဇမ်ဘီယာတောင်ပိုင်း ကျေးရွာများမှ ရွာသူ၊ ရွာသားများက ဧပြီ ၂၈ရက်တွင် ပြောကြားကြသည်။

ဇမ်ဘီယာ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး အာဏာပိုင်အဖွဲ့သည် တောဆင်ရိုင်းပြဿနာကို အလေးမူခြင်း မရှိဟု ရွာသူရွာသားများက ဝေဖန်ပြောကြားကြသည်။ သို့ရာတွင် တောဆင်ရိုင်းများကို ကာကွယ် စောင့်ရှောက်ပေးရန်လိုကြောင်း၊ ရွာသူ ရွာသားများအနေဖြင့် တောဆင်ရိုင်းများကို သတ်ဖြတ်ခြင်း မပြုသင့်ကြောင်း၊ ယင်းသို့ လုပ်ဆောင်ပါက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ထိခိုက်နိုင်သည့်အပြင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းပါ ဆိုးကျိုးသက်ရောက်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တောဆင်ရိုင်းများ သောင်းကျန်းနေသည့် ပြဿနာကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေရှင်းပေးရန် ရွာသူကြီးများ၊ ပါလီမန်အမတ်များနှင့် ဒေသဆိုင်ရာ အရာရှိများက မေတ္တာရပ်ခံထားသည်။

ဇမ်ဘီယာနိုင်ငံသည် ဆာဖာရီတောကစား ဥယျာဉ်များကို ထူထောင်ထားရှိခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်အားပေးနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အလယ်ပိုင်းအမေရိကနှင့် ကာရစ်ဘီယံဒေသတွင် အာဟာရချို့တဲ့သူဦးရေ မြင့်တက်

ကာရာကတ်စ် ဧပြီ ၂၉

အလယ်ပိုင်းအမေရိကနှင့် ကာရစ်ဘီယံဒေသတို့၌ လွန်ခဲ့သည့် ၁၀ နှစ်တာကာလတွင် အာဟာရချို့တဲ့သူဦးရေ မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကမ္ဘာတစ်ဝန်း၌ ၁၉၉၀–၁၉၉၂ ခုနှစ်ကာလတွင် အာဟာရချို့တဲ့သူဦးရေ ၅၉ သန်းရှိ ရာမှ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်အကြား ကာလတွင် ၅၂ သန်းသို့ ကျဆင်းလာကြောင်း၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို) ညွှန်ကြားရေးမှူးချုပ် ဂျက်ဒိုင်အော့က ကာရာကတ်စ်မြို့၌ ကျင်းပသည့် ဒေသဆိုင်ရာ အက်ဖ်အေအို ညီလာခံတစ်ရပ်တွင် ပြောကြားသည်။

ထိုကာလအတွင်း အလယ်ပိုင်းအမေရိကနှင့် ကာရစ်ဘီယံဒေသတို့တွင် အာဟာရချို့တဲ့သူ ဦးရေမှာ ၁၂ ဒသမ ၇ သန်းမှ ၁၄ ဒသမ ၁ သန်းသို့ မြင့်တက်လာကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘာတစ်ဝန်း၌ ၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ အာဟာရချို့တဲ့သူ ဦးရေထက်ဝက် လျော့ချရေးဟူသော ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် ပြည့်မီရေးအတွက် ဆတက်ထမ်းပိုးဆောင်ရွက်ကြရန် ဒိုင်အော့က ဒေသတွင်းရှိ နိုင်ငံများကို ပန်ကြားလိုက်သည်။

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတို့တွင် စီးပွားရေးတိုးတက်နှုန်းမှာ ငတ်မွတ်ခေါင်းပါးမှု လျော့ချရေးအတွက် သင့်လျော်သော အခြေအနေတွင်ရှိသည်။ ယင်းဒေသ၏ စီးပွားရေး တိုးတက်နှုန်းမှာ ၂၀၀၄ ခုနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ၂၀၀၅ ခုနှစ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဂိုလာနိုင်ငံတွင် ဝမ်းရောဂါဖြစ်ပွား လူ ၉၁၉ ဦးသေဆုံး

လူအန်ဒါ ဧပြီ ၂၉

အင်ဂိုလာနိုင်ငံ ပြည်နယ်အချို့တွင် ဝမ်းရောဂါ ဆက်လက်ဖြစ်ပွားနေရာ ဧပြီ ၂၅ ရက်အထိ ရောဂါ ဖြစ်ပွားသူ ၂၀၀၀၀ရှိခဲ့သည့်အနက် လူပေါင်း ၉၁၉ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း အင်ဂိုလာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ကိုယ်စားလှယ်က ကြာသပတေးနေ့တွင်ထုတ်ဖော်ကြေညာလိုက်သည်။

ရေကြောင့်ဖြစ်ပွားသည့် အဆိုပါ ဝမ်းရောဂါ၏ လက္ခဏာသည် ပျို့အန်ကာ ဝမ်းလျှောပြီး ယင်းသို့ ဖြစ်ပွားမှုကြောင့် ရေဓာတ်ကုန်ခန်းသွားခြင်းဖြစ်သည်။ ယင်းရောဂါသည် အင်ဂိုလာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်လကတည်းက ဖြစ်ပွားနေခြင်းဖြစ်သည်။

အဆိုပါ ရောဂါကူးစက်ဖြစ်ပွားနေသည့် ပြည်နယ်ခုနစ်ခုမှာ လူအန်ဒါ၊ ဘင်ဂို၊ ဘီဂီလာ၊ ကွမ်ဇာမြောက်ပိုင်း၊ ကွမ်ဇာတောင်ပိုင်း၊ မာလန်ဂါနှင့် ဟူအမ်ဘောတို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်တောင်ပိုင်းတွင် ယာဉ်တစ်စီး ချောက်ထဲထိုးကျ ခရီးသည် ၁၃ဦး သေဆုံး

တီဟီရန် ဧပြီ ၂၉

အီရန်နိုင်ငံတောင်ပိုင်း တောင်တန်းတစ်ခုပေါ်ရှိ ကွေ့ကောက်နေသည့် လမ်းမှ ဘတ်စ်ယာဉ်တစ်စီး မီတာ ၁၆၀ ရှိ ချောက်အတွင်း ဗုဒ္ဓဟူးနေ့က ထိုးကျသွားခဲ့ရာ ခရီးသည် ၁၃ ဦး သေဆုံးပြီး အခြား ၂၂ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက ရဲတပ်ဖွဲ့ကို ကိုးကား၍ ဖော်ပြလိုက်သည်။

တီဟီရန်မြို့တော်တောင်ပိုင်း ကီလိုမီတာ ၅၆၀ အကွာရှိ အာဒယ်မြို့အနီး ဘတ်စ်ကား ချောက်အတွင်း ထိုးကျခဲ့သည့်အကြောင်းရင်းမှာ လမ်းချော်မှုနှင့် မော်တော်ယာဉ် အရှိန်မြှင့်မောင်းနှင်မှုတို့ကြောင့်ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။***အမ်အင်အေ၊ ရိုက်တာ။***

၂၀၀၆ ခုနှစ် အာရှစံချိန်တင် ရွက်လွှင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ရွက်လှေတစ်စင်း ဟောင်ကောင်သို့ ဆိုက်ကပ်လာသည်ကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကျန်းမာရေးနဲ့ ညီညွတ်မယ့် စားသောက်မှုပုံစံ

ဒေါက်တာခင်မောင်လွင် (ကျန်းမာပညာ)

ကမ္ဘာပေါ်မှာ ခေတ်အဆက်ဆက် "ကျန်းမာခြင်း"ရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုလာခဲ့ကြပါတယ်။ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခသာမက အခုနောက်ဆုံးကျန်းမာတဲ့လူမှာ ကောင်းကျိုးလိုရာဆန္ဒတွေပါရှိနေဖို့ လိုအပ်တယ်လို့ ဆိုလာကြပါတယ်။ မြန်မာတို့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ လိုရင်းတိုရှင်း ရှိလှပါတယ်။ လူလူချင်းတွေ့ရင် နေကောင်းလားဆိုတဲ့ မေးခွန်းနဲ့ ပဋိသန္ထာရစကားဖြင့် နှုတ်ဆက်ကြတယ်။ "နေကောင်းတယ်" ဆိုတဲ့ အဖြေစကားဟာ တိုသလောက် အဓိပ္ပာယ်ကျယ်ဝန်းလှပါတယ်။ "နေကောင်းတယ်"ဆိုရာမှာလည်း နေထိုင်မှုဘဝပုံစံတွေအပေါ်မှာ အခြေခံပါတယ်။ တစ်နည်းအားဖြင့် နေထိုင်မှုဘဝပုံစံတွေကြောင့် နေကောင်းခြင်း၊ နေမကောင်းခြင်းဆိုတဲ့ ရလဒ်တွေရရှိလာတာ ဖြစ်ပါတယ်။

မြန်မာတို့ရဲ့ နေထိုင်မှု ဘဝပုံစံဟာ သဘာဝနဲ့နီးစပ်ပြီး ရိုးစင်းလှပါတယ်။ ဝတ်တာ စားတာ နေတာထိုင်တာ အားလုံးဟာ ပတ်ဝန်းကျင်နဲ့ သဟဇာတမျှတနေတတ်ပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းကလဲ အစွန်းမရောက်အောင် ထိန်းညှိပေးနိုင်တာကြောင့် ကိုယ်ရောစိတ်ပါ ကျန်းမာရေးကောင်းကြတယ်။ သိပ္ပံခေတ်မှာ သဘာဝကို အန်တုရင်း လူသားတွေဟာ ဖန်တီးထားတဲ့ နေထိုင်မှုဘဝပုံစံတွေကို နှစ်ခြိုက်ရွေးချယ်လာကြရာက ညီမျှချေပျက်ယွင်းမှုတွေ ဖြစ်လာတယ်။ ပဋိဇီဝဆေးတွေ၊ ကာကွယ်ဆေးတွေ တီထွင်ထုတ်လုပ်နိုင်မှုကြောင့် ကူးစက်ရောဂါအများအပြားလျော့နည်းပပျောက်သွားပေမယ့် နေထိုင်မှုဘဝပုံစံ အပြောင်းအလဲကြောင့် ကူးစက်ရောဂါရော၊ မကူးစက်တတ်တဲ့ ရောဂါရော တိုးပွားလာတဲ့အတွက် အသက်ရှည်လာသော်လည်း အနာမကင်းဖြစ်လာကြပါတယ်။

မြောက်မြားလှစွာသော နေထိုင်မှုဘဝပုံစံတွေထဲက စားသောက်မှုဘဝပုံစံတစ်ခုထဲကိုပဲ ရွေးထုတ်လေ့လာကြည့်စေချင်ပါတယ်။ ဥပမာအနေနဲ့ လူတွေရဲ့စားသောက်မှုဘဝပုံစံတွေထဲမှာ သဘာဝနဲ့ဝေးလာတာလေးတွေ ရှိလာပါတယ်။ လတ်လတ်ဆတ်ဆတ်ချက်ပြုတ်စားခဲ့ရာကနေပြီး ကြာကြာခံအောင် ကြော်လိုက်တဲ့အခါမှာ ဆီကုန်တဲ့အပြင် ကျက်ပြီး ကျွမ်းသွားတဲ့ဆီရယ် အသားရယ်ဟာ ကျန်းမာခြင်းအတွက် အနှောင့်အယှက် ဖြစ်လာပါတော့တယ်။ နှမြောတတ်လို့ ကြော်ပြီးသား ဆီကို ပြန်သုံးရင် ရောဂါရနိုင်တယ်။ ကြာကြာခံအောင်ဆားတွေ၊ ခံဆေးတွေ သုံးလိုက်ရင် ဆေးအတွက် လေးတော့မယ်။



သားငါးဆိုတာ ဆီပြားသင့်အောင်ချက်ရင် စားကောင်းတာပါပဲ။ အဲဒီသားငါးထဲမှာ ရောဂါပိုးတွေ မတော်တဆ ပါလာရင်တောင် အပူဒဏ်ကြောင့် ပိုးတွေသေသွားမှာပဲ။ လူ့ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ အသားဓာတ်ကို အန္တရာယ်ကင်းစွာ ဖြည့်တင်းနိုင်ပါတယ်။ ဒီလို မိရိုးဖလာ စားသောက်မှုဘဝပုံစံကြောင့် ကျန်းမာအသက်ရှည်ခဲ့ကြတာပါ။ ဘဝပုံစံကို အသစ်ထွင်ပြီး အကင်နဲ့မှ စားရတာ အရသာရှိတယ် ထင်သူတွေ များလာတာနဲ့အမျှ အကင်ဆိုင်တွေများလာပါတယ်။ အသားကင် စားနေကျလူမျိုးတွေမှာတော့ စည်းစနစ်တကျ ကင်တတ်ကြပါတယ်။ စနစ်တကျ မကင်တတ်သူတွေက မီးရှိရင်၊ အသားရှိရင် ကင်လို့ရမယ်ထင်ပြီး ကင်လိုက်ရင်တော့ အသားကျွမ်းတဲ့နေရာမှာ ကာဘွန်မီးသွေးဓာတ်ကျန်မယ်။



မကျက်တဲ့နေရာမှာ ရောဂါပိုးတွေ ကျန်နေလိမ့်မယ်။ ဒါကြောင့်လဲ ရှေးလူကြီးတွေက "ဆရာမပြ ငါးပိဖုတ်တောင်နည်းမကျ"လို့ ဆုံးမခဲ့တာပါ။

ကျွန်တော်တို့ တစ်နေ့က နယ်ဘုရားပွဲတစ်ခုရဲ့ ပွဲခင်းထဲကို ရောက်ခဲ့တယ်။ အသားကင်၊ အသည်းကင်၊ ကလီစာကင်၊ ငုံးဥကင် အကင်မှန်သမျှ မျိုးကိုစုံနေတာ ပွဲခင်းအနံ့ပါပဲ။ အကင်ဆိုင်တွေကြားမှာ ဝက်သားတုတ်ထိုးသည်တွေလဲ မနည်းပါဘူး။ အသားတွေအကျက်လွန်ကျွမ်းလို့ ပြဿနာတစ်မျိုး၊ မကျက်တကျက်ဖြစ်လို့ ပြဿနာတစ်မျိုး။ အဲဒီအထဲမှာ ငုံးဥတွေဟာ ဝါထိန်နေတယ်။ မုန့်နှစ်တွေဟာ နနွင်းရောင်ထက် ပိုထိန်နေတယ်။ ဒါတွေဟာ ဆိုးဆေးတွေကို ပေါပေါလောလော ဝယ်ဆိုးထားတာကြောင့်ပါပဲ။ ဆိုးဆေးတွေဟာ လက်ဖက်မှာလဲပါတယ်။ မှျစ်မှာလဲပါတယ်။ ငါးပိတောင် ဆိုးဆေးမလွတ်တော့ဘူး။ ဒါတွေအားလုံးဟာ ရောဂါရစေမယ့် အကြောင်းရင်းတွေပါပဲ။

အသိပညာတွေတိုးလာလို့ ကိုယ့်မိသားစုထဲမှာ မျှတတဲ့ အာဟာရတွေကို လတ်လတ်ဆတ်ဆတ် ရွေးချယ်စားသုံးလာကြတယ်။ ကိုယ်ရောင်းတဲ့ အစားအစာကို အန္တရာယ်ကင်းအောင်၊ ကျန်းမာရေးနဲ့ ညီအောင်

ပြင်ဆင်ရောင်းလာကြတယ်။ ဒါကြောင့် ဝမ်းလျှောဝမ်းပျက် စတဲ့ ကူးစက်ရောဂါတွေ လျော့ကျလာနေတာလဲတွေ့ရပါတယ်။ ဒါပေမယ့် အိုးခွက် ပန်းကန်ဆေးတဲ့ ရေမသန့်လို့၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ ဆေးတဲ့ရေ မသန့်လို့၊ ချက်ပြုတ်တဲ့ အိမ်ရှင်မ၊ ရောင်းချတဲ့ ဈေးသည်ကလည်း လက်ကိုဆပ်ပြာနဲ့ စင်အောင်မဆေးမိလို့ ရောဂါကူးစက်ပျံ့နှံ့ရတဲ့ အဖြစ်အပျက်မျိုးတွေလည်း တစ်ခါတစ်ခါဖြစ်ဆဲပါ။ ကျန်းမာရေးနဲ့ ညီတဲ့ နေထိုင်မှုဘဝပုံစံတွေကို ရွေးချယ်ကျင့်သုံးမှုရှိပါမှ၊ မမေ့မလျော့ဘဲ ကျင့်သုံးနိုင်ပါမှ အများကျန်းမာရေးကို မထိခိုက်မှာ ဖြစ်ပါတယ်။

စားသောက်မှုဘဝပုံစံဟာ ကျန်းမာရေးအတွက် ပြဋ္ဌာန်းချက်ပါပဲ။ ကိုယ်တိုင်ကျန်းမာဖို့အတွက်ပဲဖြစ်ဖြစ်၊ ကိုယ့်မိသားစု၊ ကိုယ့်စားသုံးသူတွေရဲ့ ကျန်းမာဖို့ပဲဖြစ်ဖြစ်၊ ကျန်းမာရေးနဲ့ညီတဲ့ နေထိုင်စားသောက်မှုဘဝပုံစံကို ရွေးချယ်ဖို့လိုပါတယ်။ မိရိုးဖလာ ဟင်းလျာတွေကိုပဲဖြစ်ဖြစ် ခေတ်မီအစားအစာတွေကိုပဲဖြစ်ဖြစ် သန့်သန့်ရှင်းရှင်း ကိုင်တွယ်ချက်ပြုတ်ပြီး အာဟာရမျှတ သန့်ရှင်းကျန်းမာခြင်းနဲ့ညီညွတ်တဲ့ စားသောက်မှုဘဝပုံစံတစ်ခုကို တစ်သက်တာ စွဲစွဲမြဲမြဲ ကျင့်သုံးဖို့လိုပါတယ်။

ကျွန်တော်တို့အနေဖြင့် နေ့စဉ်နေ့တိုင်းမှာ–

- **လတ်ဆတ်သန့်ရှင်းတဲ့ ဟင်းသီးဟင်းရွက် သားငါး သီးနှံတွေကို ရွေးမယ်။**
- **ခန္ဓာကိုယ်အတွက် လိုအပ်ပြီး မျှတတဲ့အာဟာရ ရအောင်စီစဉ်မယ်။**
  (မျှတတဲ့အာဟာရဆိုတာ ကျယ်ပြန့်တဲ့ ခေါင်းစဉ်တစ်ခု ဖြစ်ပါတယ်)
- **ရောဂါပိုးကင်းအောင်၊ ရောဂါမရအောင် ချက်ပြုတ်မယ်။**
- **အစားအစာမကိုင်မီနဲ့ ကိုင်ပြီးရင် လက်ကို ဆပ်ပြာနဲ့ စင်ကြယ်အောင် ဆေးမယ်။**
- **လက်ဆေးတဲ့ ရေ၊ အစာဆေးတဲ့ ရေ၊ အိုးခွက်ပန်းကန်ဆေးတဲ့ ရေ သန့်အောင်ဂရုစိုက်မယ်။**
- **သန့်ပြီးအစားအစာတွေပေါ် ယင်၊ ပုရွက်ဆိတ်၊ ပိုးဟပ်မဝင်အောင် ကာကွယ်မယ်။**
- **သန့်ရှင်းတဲ့ စဉ်းတီတုံး၊ ဓား၊ လက်နှီးကအစ မီးဖိုချောင်သုံး ပစ္စည်းသန့်သန့်ကို သုံးမယ်။**
- **မိမိနဲ့ သင့်လျော်မယ့် အချိန်မှာ စားမယ်။**
- **ချက်ပြီးအစားအစာတွေကိုလည်း ပိုးမဖျက် အာဟာရမပျက်အောင် သိုမှီးထားမယ်**

ဆိုရင်တော့ ကျန်းမာရေးနဲ့ညီတဲ့ စားသောက်မှု ဘဝပုံစံလေးတစ်ခုကို ပိုင်ဆိုင်နိုင်ကြပြီး အသက်ရှည်ကျန်းမာကြမှာ ဖြစ်ပါတယ်။ ။

အသိပညာတွေတိုးလာလို့ ကိုယ့်မိသားစုထဲမှာ မျှတတဲ့ အာဟာရတွေကို လတ်လတ်ဆတ်ဆတ် ရွေးချယ်စားသုံးလာကြတယ်။ ကိုယ်ရောင်းတဲ့ အစားအစာကို အန္တရာယ်ကင်းအောင်၊ ကျန်းမာရေးနဲ့ညီအောင်ပြင်ဆင်ရောင်းလာကြတယ်။ ဒါကြောင့် ဝမ်းလျှောဝမ်းပျက်စတဲ့ ကူးစက်ရောဂါတွေ လျော့ကျလာနေတာလဲတွေ့ရပါတယ်။ ဒါပေမယ့် အိုးခွက် ပန်းကန်ဆေးတဲ့ ရေမသန့်လို့၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ ဆေးတဲ့ရေ မသန့်လို့၊ ချက်ပြုတ်တဲ့ အိမ်ရှင်မ၊ ရောင်းချတဲ့ ဈေးသည်ကလည်း လက်ကိုဆပ်ပြာနဲ့ စင်အောင်မဆေးမိလို့ ရောဂါကူးစက်ပျံ့နှံ့ရတဲ့ အဖြစ်အပျက်မျိုးတွေလည်း တစ်ခါတစ်ခါ ဖြစ်ဆဲပါ။ ကျန်းမာရေးနဲ့ညီတဲ့ နေထိုင်မှုဘဝပုံစံတွေကို ရွေးချယ်ကျင့်သုံးမှုရှိပါမှ၊ မမေ့မလျော့ဘဲ ကျင့်သုံးနိုင်ပါမှ အများကျန်းမာရေးကို မထိခိုက်မှာ ဖြစ်ပါတယ်။

ဖခင် ဦးစိုးသိန်း–မိခင် ဒေါ်မြင့်စီ၊ အစ်မ ဒေါ်ဝင်းမင်းသိန်း၊ အစ်ကိုများ ကိုနောင်၊ ကိုအောင်၊ ကိုဆန်း၊ ကိုဟာန်၊ ကိုထူးတို့အားအမှူးထား၍ လှိုင်မြို့နယ် (၆)မိုင် (၁၀)ရပ်ကွက် ဓမ္မာရုံလမ်းမကြီးမှ သမီး မအေးသီတာသိန်းနှင့်သား မောင်ကောင်းမြတ်စံ (ဇမိစတိုး) မိသားစုက ဆူးလေစေတီတော်ကြီး စေတီရံတစ်ဆူ ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ် ခုနစ်သိန်းခွဲကို ဂေါပကအဖွဲ့ဝင် ဦးကြိုင်မြင့်နှင့် ဦးမျိုးခင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် တွံတေးမြို့ မင်းပိုင်းရပ်ကွက် အလောင်းဘုရားလမ်းမှ မဖြူဝေလွင်က မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၀၀၀၀၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်တို့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၁၇)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (စွမ်းအင်)

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၁၇) ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၁၇) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းမကြီးနှင့် ပန်းခြံလမ်းထောင့်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်တို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးသိန်းဌေးက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သီရိမွန်အိမ်ရာ (၉)လမ်းနေ ဒေါက်တာဦးလှမြင့်၊ ဒေါ်မြမြဝင်းမိသားစုက ဒေါက်တာလှမြင့်၏ (၆၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင်ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း မြစ်မခမြစ် အနောက်ဘက်ကမ်း တာပတ်ခြင်းလုပ်ငန်းစစ်ဆေး

ရန်ကုန် မေ ၂၀

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၁ရက်တွင် မိုးညိုမြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြစ်မခမြစ်၊ အနောက်ဘက်ကမ်း တာပတ်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိ၍ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မြစ်သာမြစ်ပေါက်မှ မိုးညိုမြို့အထိ ၂၀၀၅-၂၀၀၉ ခုနှစ်အတွင်း မိုင် ၂၀ အရှည် တာပတ်မည်ဖြစ်ပြီး၊ ယခု ၂၀၀၆ခုနှစ်တွင် လေးမိုင် တာပတ်ခြင်းလုပ်ငန်း ၈၄ ဒသမ ၄၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် လုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် မြေဖို့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နတ်တလင်းမြို့နယ် ရေကြည်ကျေးရွာအုပ်စု၊ ဘုန်းကြီးရေဆယ်ကျေးရွာအနီးရှိ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စိုက်ပျိုးရေးကုမ္ပဏီသို့ ရောက်ရှိကြ၍ ရှင်းလင်းဆောင်၌ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသန တက္ကသိုလ်မှ နိုင်ငံခြားသားပညာရှင်များ ပူးပေါင်းကာ လေဆာရောင်ခြည်ဖြင့် မြေညှိခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး လေဆာရောင်ခြည်ဖြင့် လက်တွေ့ မြေညှိဆောင်ရွက်နေမှုကို တောင်သူများအား ပညာပေးပြသနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

မူကြိုဆရာအတတ်ပညာရေး သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၀

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြို ကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော စံပြမူကြို မူကြိုဆရာအတတ် ပညာရေးသင်တန်း အပတ်စဉ်(၁၀) ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါ ဦးစီးဌာန ရုပ်ရှင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအုန်းမြင့်က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မေ ၂၀ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကျောက်မြောင်းကြီး (စံပြ)ရပ်ကွက်တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို မြို့ပတ်လမ်းတစ်လျှောက်၌ကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်ကွက်အတွင်းရှိ အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ တပျော်တပါး စိုက်ပျိုးကြစဉ်။ (ကြေးမုံ)

ကြေးမုံ The Mirror အင်တာနက်သတင်း

ရေမှော်မှထုတ်ယူသည့် ဓာတုပစ္စည်း မျက်မမြင်ဘေးမှကင်းဝေးရေး အကျိုးပြုနိုင်မည်

ဒက်ထရွိုက် မေ ၂၀

မျိုးရိုးလိုက်သည့် ရောဂါတစ်မျိုးအဖြစ် မွေးရာပါ မျက်မမြင်ဘဝသို့ ရောက်ရှိနေရသူများကို ရေမှော်(ခေါ်)ရေတွင်ပေါက်သော အယ်လ်ဂျေးအပင်တစ်မျိုးမှ ထုတ်ယူရရှိသည့် ဓာတုဗေဒပစ္စည်းများအသုံးပြု၍ ကုသပေးခြင်းဖြင့် အနာဂတ်ကာလတွင် အမြင်အာရုံ တစ်စိတ်တစ်ဒေသ ပြန်လည်ကောင်းမွန်လာအောင် ပြုလုပ်ပေးနိုင်မည်ဖြစ်ကြောင်း မေ ၂၀ အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လေ့လာတွေ့ရှိ

သုတေသီများသည် ရေမှော်မှထုတ်ယူသော ပရိုတိန်းတစ်မျိုး၏ ထူးခြားချက်ကို လေ့လာတွေ့ရှိခဲ့ကြသည်။ ယင်းပရိုတိန်းသည် အလင်းရောင်ကို

ရေမှော်ပင်များမှ ထုတ်ယူရရှိနိုင်သော အာနိသင်ရှိ ပစ္စည်းများကို လေ့လာနိုင်ရန် ကမ္ဘာတစ်ဝန်းရှိ သုတေသီများ ကြိုးပမ်းလျက်ရှိသည်။ (ဓာတ်ပုံ-အင်တာနက်)

စွမ်းအင်အဖြစ်သို့ပြောင်းလဲပေးနိုင်သည့် ဂုဏ်သတ္တိရှိကြောင်း၊ အလင်းရောင်ခြည်စုခြင်းကိုသိသောအင်္ဂါဖြစ်သော မျက်စိအတွင်းပိုင်းအလွှာ (Retina) အတွင်းရှိ ကလာပ်စည်းများ အလုပ်လုပ်ပုံနည်းလမ်းအတိုင်း အဆိုပါ ပရိုတိန်းက အလုပ်လုပ်နိုင်ကြောင်း၊ ရေမှော်ပင်၏ ပရိုတိန်းကို ထိုးသွင်းပေးခြင်းဖြင့် အမြင်အာရုံကောင်းမွန်လာစေရန် ပြုလုပ်ပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

ကုသပေးနိုင်

သုတေသီများ၏ လေ့လာချက်မှာ ပဏာမအဆင့်တွင်သာ ရှိနေသေးသော်လည်း ရေမှော်ပင်၏ပရိုတိန်းကို ရှာဖွေတွေ့ရှိခြင်းဖြင့် မျက်စိဝေဒနာဆိုင်ရာ ကုထုံးသစ်များဖော်ထုတ်လာနိုင်စေရန် လမ်းဖွင့်ပေးလိမ့်မည်ဟု ယုံကြည်ရသည်။ မျက်မှောက်ကာလတွင်မူ မျက်မမြင်ဘဝသို့ ရောက်နေသူများ၏ အမြင်အာရုံ ပြန်လည်ကောင်းမွန်လာစေရန် ကုသပေးနိုင်သည့် ကုထုံးများမရှိသေးပေ။

မျက်စိအတွင်းပိုင်းအလွှာရှိ ကလာပ်စည်းများ အလုပ်မလုပ်ခြင်းကြောင့် ဖြစ်ပေါ်နေသော မျက်စိဆိုင်ရာရောဂါများကြောင့် လုံးလုံးလျားလျား သို့မဟုတ် တစ်စိတ်တစ်ဒေသ မျက်မမြင်ဘဝသို့ ရောက်ရှိရသူဦးရေမှာ ကမ္ဘာတစ်ဝန်းတွင် လူ ၁၀၀၀ လျှင် တစ်ဦးနှုန်းရှိသည်။

သုတေသီများသည် ကြွက်များကိုအသုံးပြု၍ ရေမှော်ပင်၏ပရိုတိန်း ဂုဏ်သတ္တိကို လေ့လာခဲ့ရာတွင် အားရဖွယ်ရာကောင်းသော ရလဒ်ကို ရရှိခဲ့သည်။ ကြွက်၏မျက်လုံးများအတွင်းရှိ အာရုံကြောကလာပ်စည်းများသည် ပုံမှန်အားဖြင့် အာရုံခံနိုင်စွမ်းကင်းမဲ့နေခဲ့ရာမှ ဦးနှောက်၏အမြင်အာရုံ ဗဟိုချက်များထံသို့ အချက်ပေးသည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်လာနိုင်ကြောင်း သုတေသီများက ပြောကြားသည်။ ***အင်တာနက်။***

▲ ရှေ့ဖုံးမှ

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လားရှိုးခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေလှောင်တမံ တည်ဆောက်ခဲ့သည့် အင်ဂျင်နီယာများ၊ ဒေသခံ တိုင်းရင်းသားများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ရိုးရာအက အဖွဲ့ဝင်များ စုစုပေါင်း အင်အား တစ်သောင်းကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။

ထို့နောက် ရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်ပြီး လားရှိုးခရိုင် လားရှိုးမြို့နယ် ဒေသခံပြည်သူများကိုယ်စား ဦးစိုင်းစံထွန်းနှင့် ဒေသခံပြည်သူတစ်ဦးတို့က ကောက်ကွေ့ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကောက်ကွေ့ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးတို့သည် ကောက်ကွေ့ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လားရှိုးမြို့ ကောက်ကွေ့ရေလှောင်တမံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ကောက်ကွေ့ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကောက်ကွေ့ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဒေသခံ ပြည်သူလူထုများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ကောက်ကွေ့ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (လယ်/ဆည်)

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုနှင့်အတူ ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့အား စီမံကိန်းရှင်းလင်းဆောင်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကောက်ကွေ့ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေလှောင်တမံ ရေဝေရေလဲဧရိယာ၌ ခြံစည်းရိုးကြက်ဆူရိုင်းဧက ၂၀ စိုက်ခင်းကို တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံ ပြည်သူလူထုများနှင့်အတူ စိုက်ပျိုးကြသည်။

ကောက်ကွေ့ရေလှောင်တမံသည် တမံအလျားပေ ၁၀၈၀၊ တမံအမြင့် ၁၁၆ပေရှိသည့် မြေသားတမံဖြင့် ကောက်ကွေ့ချောင်းကို ပိတ်ကာ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၂၀၀သိုလှောင်၍သီးထပ်သီးနှံစိုက်ပျိုးရန် မြေဧက၈၄၃ ကို ဆည်ရေပေးနိုင်ပြီး မန်ဆူကျေးရွာ အုပ်စုကိုလည်း သောက်သုံးရေ ပေးဝေနိုင်မည်ဖြစ်သည့်အပြင် ဒေသအကျိုးပြုလျက်ရှိနေပြီဖြစ်သည်။ (သတင်းစဉ်)

(အိုင်စီတီ) ရက်သတ္တပတ် (၂၀၀၆) အထိမ်းအမှတ်ပြပွဲ ဒုတိယနေ့ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပဋ္ဌမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ(အိုင်စီတီ) ရက်သတ္တပတ် (၂၀၀၆)အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသရာ ရဟန်း၊ရှင်လူ၊ပြည်သူများ လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြသည်။

စည်ကားလျက်ရှိ

ပြပွဲတွင် Family Entertainment Group Co, Ltd ပြခန်း၊ Accel International Co, Ltd ပြခန်း၊ Alpha Info-Tech ပြခန်း၊ Big Camera Ltd (Nikon Camera) ပြခန်း၊ Computopia ပြခန်း၊ Cyber Techno Mart ပြခန်း၊ Discovery Digital Mart ပြခန်း၊Earth Computer ပြခန်း၊Ever Rising ပြခန်း၊ FISCA Enterprise ပြခန်း၊ Forever Group Co, Ltd ပြခန်း၊ Global Net (Global Technology Co., Ltd) ပြခန်း၊ Han Myanmar Electronics ပြခန်း၊ i Com Computer ပြခန်း၊ I.C.E Computer Centre (Thuka Dana Computer Co, Ltd)ပြခန်း၊ KMD Computer System ပြခန်း၊ Kyaw Zayar Telecommunication Services Co, Ltd ပြခန်း၊Life Mark Computer Center ပြခန်း၊ Lin Thuzar Computer ပြခန်း၊ Lucky Bird Co, Ltd ပြခန်း၊ Mastech Co, Ltd ပြခန်း၊ MCC (Myanmar Computer Co, Ltd)ပြခန်း၊ Notebook City ပြခန်း၊ Queen Star ပြခန်း၊ Smart ပြခန်း၊Spider Family Co, Ltd ပြခန်း၊ Win Win War Media Co, Ltdပြခန်းများကို ခင်းကျင်းပြသထားရာ လာရောက်ကြည့်ရှုဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

လေ့လာဝယ်ယူနိုင်

အဆိုပါပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၁ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်သည်။

(သတင်းစဉ်)

ပဋ္ဌမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) ရက်သတ္တပတ် (၂၀၀၆) အထိမ်းအမှတ်ပြပွဲကို တပ်မတော်ခန်းမ၌ ဆက်လက်ပြသရာ ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပို့ချ

ရန်ကုန် ဧပြီ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ဧပြီ ၂၉ရက် ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရန်ကုန်တိုင်း လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဖွင့်လှစ်ထားသော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၃) သင်တန်းသား ၈၀ တို့အား အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။ (သတင်းစဉ်)

ဧပြီ၂၈ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Thambyna Than Jasudasen Singapore Association of Myanmar (SAM)က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းရေးဌာနသို့ လှူဒါန်းသည့်အလှူငွေကျပ်သိန်း ၇၀ ကို ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းဖော်ပြပြီး) (ကျန်းမာရေး)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃၀-၄-၂၀၀၆)

နေပြည်တော်မြို့တော်	၃ ဒသမ ၅၀ လက်မ
ထားဝယ်	၄ ဒသမ ၀၆ လက်မ
မြိတ်	၃ ဒသမ ၃၀ လက်မ
သထုံ	၂ ဒသမ ၉၅ လက်မ
လှိုင်ကော်၊ ပင်လောင်းနှင့်ရေး	၂ ဒသမ ၀၉ လက်မ
ကျိုင်းတုံ	၁ ဒသမ ၉၃ လက်မ
မကွေးနှင့် နမ့်စန်	၁ ဒသမ ၈၁ လက်မ
သာယာဝတီနှင့် မောင်တော	၁ ဒသမ ၆၉ လက်မ
အောင်လံ	၁ ဒသမ ၅၃ လက်မ
မင်းဘူး	၁ ဒသမ ၅၃ လက်မ
မြင်းခြံနှင့် မန္တလေး	၀ ဒသမ ၇၉ လက်မ

လှိုင်သာယာမြို့နယ်၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၃၀

၂၀၀၆ ခုနှစ် မေ ၂၈ ရက်တွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်တွင် ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့် လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက်၊ (၁၉)ရပ်ကွက်၊ ရွှေလင်ပန်းကျေးရွာနှင့် ကဇင်ကျေးရွာတို့မှ လေဘေးဒဏ်သင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာအနီးရှိ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် လေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များ တက်ရောက် ကြသည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက လေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များအား ကူညီထောက်ပံ့ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ် ၁၅ သိန်း တန်ဖိုးရှိ ဆန်အိတ် ၂၅၀ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်ကလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)မှ လှူဒါန်းသည့် ငွေကျပ် ၂၅သိန်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းကလည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ် ၄၁သိန်း တန်ဖိုးရှိသော ထောက်ပံ့ပစ္စည်းများကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက လက်ခံယူသည်။

ဆက်လက်၍ လှိုင်သာယာ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ငွေကျပ်သိန်း ၅၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ ရွှေကြာပန်း မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် လှိုင်သာယာစက်မှုဇုန် ဇုန်(၅) တို့က ငွေကျပ်ငါးသိန်းစီနှင့် ရန်ကုန် အရှေ့ပိုင်းခရိုင်၊ ရန်ကုန်အနောက်ပိုင်း ခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများက ငွေကျပ် တစ်သိန်းစီဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၄၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လက်ခံယူကြသည်။

ယင်းနောက် လေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့ငွေများပေးအပ်

အလားတူ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ လှိုင်သာယာမြို့နယ်မှ လေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လှိုင်သာယာမြို့နယ် (၁၉)ရပ်ကွက် အောင်ဇေယျဓိလမ်းရှိ အောင်ဇေယျဓိမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ထောက်ပံ့ငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က လေဘေးဒဏ်သင့် အိမ်ထောင်စုများ အား ကူညီထောက်ပံ့ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လေဘေးဒဏ်သင့် အိမ်ထောင်စုများအတွက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေကလည်း ကောင်း၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ လှူဒါန်းငွေ ကျပ် ၁၀ သိန်းကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြောက် ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြတ်မင်းက လက်ခံယူ သည်။

ထောက်ပံ့လှူဒါန်း

ဆက်လက်၍ World Vision မှ တာဝန်ခံ မစ္စတာအိုင်ဗင်က ငွေကျပ် သိန်း၁၀၀၊ ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ၁၀သိန်း၊ ဦးသိန်းဇော်(မန္တလာဂျစ် ထုတ်လုပ်ရေး)က ငွေကျပ် သုံးသိန်း၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များမှ ငွေကျပ် တစ်သိန်းစီနှင့် လှိုင်သာယာ၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ရွှေပြည်သာ၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီးနှင့် ထန်းတပင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများက ငွေကျပ် တစ်သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၄၂သိန်းကို ထောက်ပံ့လှူဒါန်းကြရာ ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြတ်မင်းနှင့် လှိုင်သာယာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် တို့က လက်ခံယူကြပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

ကျန်းမာရေးစောင့်ရှောက်

အခမ်းအနားအပြီးတွင် ရန်ကုန် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာ ဝေနှင့် အဖွဲ့ဝင်များသည် ဓမ္မာရုံ၌ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်း များက လေဘေးဒဏ်သင့် အိမ် ထောင်စုများအား ကျန်းမာရေး စောင့် ရှောက်ပေးနေမှုကို ကြည့်ရှုအားပေး ကြသည်။

လှိုင်သာယာမြို့နယ် လေပြင်းဒဏ် သင့် အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးစခန်းသုံးခု ဖွင့်လှစ်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ လူမှု ရေးအသင်းအဖွဲ့များ၊ ပြည်သူများ နှင့် ပူးပေါင်း၍ လိုအပ်သည့်ကူညီ ထောက်ပံ့မှုလုပ်ငန်းများကို မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရ သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ လှိုင်သာယာမြို့နယ် လေဘေးဒဏ်သင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

လှူဒါန်းငွေလက်ခံ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း လှိုင်သာယာမြို့နယ် လေဘေးဒဏ်သင့် အိမ်ထောင်စုများအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။
(သတင်းစဉ်)

မေ ၂၈ ရက်နှင့် ၂၉ ရက်များတွင် ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်အတွင်း လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်း

နေပြည်တော် မေ ၃၀

ဧရာဝတီတိုင်း ပုသိမ်၊ ကျိုက်လတ်၊ လပွတ္တာမြို့နယ်များ၊ ဟိုင်းကြီးမြို့နှင့် ဘိုကလေးမြို့နယ် အမာကျေးရွာတို့တွင် မေ ၂၈ရက် နံနက် ၉နာရီခွဲတွင် လေပြင်းတိုက်ခတ်၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ခြေ ၄၀၀ကျော် အမိုးအကာများပျက်စီးခဲ့ပြီး လူရှစ်ဦး ထိခိုက်ဒဏ်ရာရ၍ နှစ်ဦးသေဆုံးခဲ့သည်။ ပင်လယ်ကမ်းခြေဒေသ ငွေဆောင်ကမ်းခြေနှင့် ချောင်းသာအပန်းဖြေစခန်းများတွင် လေပြင်းတိုက်ခတ်မှုများကြောင့် ဟိုတယ်၊ တည်းခိုခန်းအချို့၌ အခြားပျက်စီးမှုအနည်းငယ်ရှိခဲ့သော်လည်း ခရီးသွားလုပ်ငန်းများ ပုံမှန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် မေ ၂၉ရက် နံနက် ၇နာရီခွဲတွင် လေပြင်းတိုက်ခတ်၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ခြေ ၄၀၀ခန့် အမိုးအကာအချို့ ပျက်စီးခဲ့ပြီး အိမ်ခြေ ၁၀၀ခန့် ပျက်စီးဆုံးရှုံးကာ လူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်ခံရသည့်နေရာများသို့ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီး ကယ်ဆယ်ရေးအဖွဲ့များဖွဲ့၍ လေဘေးဒဏ်သင့် အိမ်ထောင်စုများအား လိုအပ်သည်များ ပံ့ပိုးကူညီထောက်ပံ့ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘိုးရာဇာပညာရေးဖောင်ဒေးရှင်း ပညာရည်ချွန်ဆုများ ချီးမြှင့်

ရန်ကုန် မေ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် ဘိုးရာဇာ ပညာရေးဖောင်ဒေးရှင်းအဖွဲ့က ၂၀၀၃-၂၀၀၄ နှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ၊ ဂုဏ်ထူးရှင်များ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို မေ ၉ရက် ညနေပိုင်းက မာလာမြိုင်လမ်း နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ ဘိုးရာဇာပညာရေးဖောင်ဒေးရှင်းအဖွဲ့ နာယက ဒေါ်စိန်စိန် (အောင်သံဆန်ခါ)က ဘိုးရာဇာပညာရေးဖောင်ဒေးရှင်း ပေါ်ပေါက်လာပုံနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်ရခြင်းအကြောင်းကို ပြောကြားပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင် မလှဲ့ရည်မောင်မောင်အပါအဝင် ဂုဏ်ထူးရှင်ကျောင်းသူ၊ကျောင်းသား ၂၅ဦးတို့အား တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သည့်အတွက် ငွေကျပ် ၃၀၀၀နှင့် တစ်ဘာသာဂုဏ်ထူးကို ငွေကျပ် ၃၀၀၀ ထပ်ဆောင်း၍ တာဝန်ရှိသူများက ချီးမြှင့်သည်။

ထို့နောက် ဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ရီက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဘိုးရာဇာပညာရေးဖောင်ဒေးရှင်းကို ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်က စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ ပညာရေးရန်ပုံငွေ ၃၉၄၀၀၀၀ ရှိရာ ရပ်ကွက်အတွင်းမှ ပညာရည်ချွန်ပြီး ပညာသင်ရန် ခက်ခဲသူများ ပညာထူးချွန်သူများအား ချီးမြှင့်သွားမည်ဖြစ်သည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၅-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၀၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅	၈။	အရေးပြိုင်ပွဲ
၈:၂၅	၉။	ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား (ဒေးဒရဲ)
၈:၃၀	၁၀။	International News.
၈:၄၅	၁၁။	Grammar Made Easy.
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Demonstration Exercise for Correct Pronunciation.
၄:၄၀	၄။	တေးဂီတအစီအစဉ်
၄:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၁၀	၆။	အကပဒေသာ
၅:၂၀	၇။	မြန်မာစာ၊မြန်မာစကား
၅:၃၀	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၅:၃၅	၉။	**"သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ကေရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)**
၅:၄၅	၁၀။	တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၃၀	၁၂။	မိုးလေဝသအခြေအနေ
၆:၃၅	၁၃။	အကပြိုင်ပွဲ
၆:၄၀	၁၄။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၆:၅၀	၁၅။	တေးဂီတအစီအစဉ်
၇:၀၅	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနုနု" (အပိုင်း-၇)**
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း-၉)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ်အသင်း (ရန်ကုန်)၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(စက်မှု–၁)

တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၃၀

တောင်သာမြို့နယ်အသင်း (ရန်ကုန်)၏(၂၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် စက်မှု(၁)လမ်းထောင့်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးဦးစီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီတို့ တက်ရောက်ချီးမြှင့်သည်။

အမှာစကားပြောကြား

အစီအစဉ်အရ တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ သဘာပတိ ဒေါက်တာခင်မောင်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူ ၂၃ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ရာ ရေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ဇနီး ဒေါ်ခင်ခင်ရီတို့က ဂုဏ်ထူး တစ်ဘာသာလျှင် ငွေကျပ် ၅၀၀၀နှုန်းဖြင့် ဂုဏ်ထူးဆု ၇၅ဆုကို လည်းကောင်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဇနီးဒေါ်တင်တင်မြင့်တို့က ဂုဏ်ထူး တစ်ဘာသာလျှင် ငွေကျပ် ၂၀၀၀နှုန်းဖြင့် ဂုဏ်ထူးဆု ၇၅ဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဦးအိုက်ရီနှင့်ဇနီး မိသားစု၊ တောင်သာမြို့နယ်အသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဆွေ၊ ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့်ဇနီး ဒေါ်တင်ဌေးလှိုင်၊ အောင်ရည်ဖြိုး ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးနေအောင်၊ ဇနီး ဒေါ်ခင်မိုးညွန့်၊ ဒုတိယဗိုလ်မှူးကြီး မိုးအောင်၊ ဇနီး ဒေါက်တာအေးခိုင်ညွန့်၊ ဗိုလ်မှူး ပြည်အောင်နှင့် ဇနီးဒေါ်နန္ဒာအေးနှင့် အလှူရှင် ၁၁ဦးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တောင်သာမြို့နယ်အသင်း(ရန်ကုန်)သို့ အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အလှူငွေများကို ဝန်ကြီးနှင့် ဥက္ကဋ္ဌ ဦးခင်မောင်ဆွေတို့က လက်ခံကြသည်။

ယင်းနောက် အသင်းအတွင်းရေးမှူး ဦးသန်းအောင်က အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားဆွေးနွေးအတည်ပြုခြင်း၊ အလုပ်အမှုဆောင်အဖွဲ့သစ် ပြန်လည်ရွေးချယ်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ထို့နောက် အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဆွေက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်၊ (သတင်းစဉ်)

ကျိုင်းတုံမြို့ အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း အခြေခံယဉ်ကျေးမှု အတီး(စောင်း)နှင့် အကသင်တန်းဖွင့်လှစ်

နေပြည်တော် မေ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း အခြေခံ ယဉ်ကျေးမှုအတီး(စောင်း)နှင့် အကသင်တန်း အမှတ်စဉ် (၁/၂၀၀၆)သင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ရက် နံနက် ၈နာရီခွဲက အဆိုပါကျောင်း သင်တန်းခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်း နည်းပြများနှင့် သင်တန်းသူများတက်ရောက်ကြသည်။

သရုပ်ပြသီဆိုတီးခတ်

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားပြီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ (စောင်း)နည်းပြဆရာမ ဒေါ်နွယ်နီဝင်းက အောင်စေပိုင်စေသီချင်းဖြင့် သရုပ်ပြသီဆို တီးခတ်ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီးတို့သည် သင်တန်းသို့တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသူများအား နှုတ်ဆက်အားပေးခဲ့ကြောင်းနှင့် အဆိုပါသင်တန်းအား မေ ၂၄ရက်မှ ဇူလိုင် ၂၈ရက်အထိ ရက်သတ္တပတ် ၁၄ ပတ်ကြာဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသူ ၄၁ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံမှ လေ့လာရေးအဖွဲ့ လေကြောင်းခရီးဖြင့်ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၃၀

အိန္ဒိယ သမ္မတနိုင်ငံ Naval Higher Command Course မှ သင်တန်းသား ၂၆ဦး ပါဝင်သော လေ့လာရေးအဖွဲ့ဝင်များသည် ယမန်နေ့ည ၉နာရီ ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ လေ့လာရေး အဖွဲ့ဝင်များအား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel J.S. Chopra နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

အိန္ဒိယသမ္မတနိုင်ငံ Naval Higher Command Course မှ သင်တန်းသား လေ့လာရေးအဖွဲ့ဝင်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် မေ ၃၀

၂၀၀၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မေ ၂၈ရက် နံနက် ၉နာရီတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင်လေတပ်စခန်း သူရအုန်းခိုင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊မြေပြင် အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင် လေတပ်စခန်းနှင့် မြေပြင်အတတ်သင်လေတပ်စခန်းတို့မှ အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးရရှိသည့် လေကြောင်းအတတ်သင်လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စားလေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁–၅–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။ မျိုးချစ်တပ်မတော်
၇:၂၀	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၀၀၀၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နန်းတွင်းရတနာ (အပိုင်း–၃၆)**
°၈း၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ ကျန်းမာသုတ
	၁၉။ မေးမြန်းစူးစမ်း
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **English Premier League ဘောလုံးပွဲအစီအစဉ် –Sanderland Vs Arsenal.**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

✳ ကျောဖုံးမှ

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းပိုင်းရှိ တန်ဂျာချောင်းကူးတံတား တည်ဆောက်မှုလုပ်ငန်းခွင်သို့ရောက်ရှိကြရာ လုပ်ငန်းရှင်းလင်းဆောင်၌ ခရိုင်အင်ဂျင်နီယာမှူးက တံတားတည်ဆောက်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြရာ နယ်မြေခံစစ်ဗျူဟာမှူးဗိုလ်မှူးကြီးခိုင်စိုးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများအား ပွင့်လင်းရာသီအတွင်း ပြီးစီးအောင်တည်ဆောက်ရေး ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ပူတာအိုလေဆိပ်သို့ရောက်ရှိရာ ဧည့်ခန်းမ၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပူတာအိုလေယာဉ်ကွင်းလေယာဉ်ပြေးလမ်း ပြုပြင်တိုးချဲ့ဆောင်ရွက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြစ်ကြီးနားလေဆိပ် လေယာဉ်ကွင်းအနီး ကျင်းပသည့် မြစ်ကြီးနားမြို့နယ် ခါ်စည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က ခါ်စည်းရိုးကြက်ဆူပင်များကို အမှတ်တရ စုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။ (သတင်းစဉ်)

❁ တိုင်းမှူးမှ

ရှေးဦးစွာ တိုင်းမှူးသည် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဆင်ဖုံကျေးရွာအနီးရှိ ဆင်ဖုံလျှပ်စစ်ရေတင်စီမံကိန်း ဧက ၃၇၀၀ သို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်နှင့် တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးက နွေစပါး လျာထားဧက အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် ဌာနဆိုင်ရာများက မိမိဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများအလိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် စစ်ပင် (မြောက်) ကျေးရွာအနီး၌ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ပင်လျှပ်စစ်ရေတင်စီမံကိန်း ဧက ၁၃၃၀ အတွက် လျာထားမြေနေရာကို လည်းကောင်း၊ ရေကျော်ကျေးရွာအနီးရှိ ရေကျော်လျှပ်စစ်ရေတင်စီမံကိန်း ဧက ၆၀၀ ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းကို စိတ်ကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဟင်းသီးဟင်းရွက် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနသို့ ရောက်ရှိလာပြီး ခါ်စည်းရိုးကြက်ဆူပင် ဒေသမျိုးနှင့် အခြားမျိုး ကိုင်းဖြတ် မျိုးပွားစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကာ ခါ်စည်းရိုး ကြက်ဆူပျိုးပင်များ စုပေါင်းစိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပျားလိမ္မော်စိုက်ခင်းအတွင်း ခါ်စည်းရိုးကြက်ဆူ တိုက်ရိုက်မျိုးစေ့ချ၍ သီးညှပ်စိုက်ပျိုးထားရှိမှု၊ ခါ်စည်းရိုး ကြက်ဆူပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ ကိုင်းဆက်ပျိုးပင်များ ပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ခါ်စည်းရိုး ကြက်ဆူမျိုးစေ့များကို ပျိုးထောင်ပေးကြကာ ခါ်စည်းရိုး ကြက်ဆူ စံပြစိုက်ကွက် ဧက ၂၀၊ ခါ်စည်းရိုးကြက်ဆူပင်များ ဝတ်မှုန်ကူးမှု အားကောင်းစေရန် ပျားဖြင့် တွဲဖက်မွေးမြူပြသထားမှု၊ Tissue Culture နှင့် အပင်တစ်ရှူး မွေးမြူခန်းတို့ကို လိုက်လံကြည့်ရှု အားပေးကြသည်။

စနစ်တကျစိုက်ပျိုး

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၌ ခါ်စည်းရိုး ကြက်ဆူကိုင်း ပျိုးပင်၊ အစေ့ပျိုးပင်နှင့် တစ်ရှူးနည်းဖြင့် မျိုးပွားပျိုးပင် ငါးသိန်းခန့် ပျိုးထောင် မျိုးပွားထားပြီးဖြစ်ရာ ရန်ကုန်တိုင်းအတွင်းရှိ ခါ်စည်းရိုး ကြက်ဆူပင်စိုက်ပျိုးလိုသည့် လုပ်ငန်းရှင်များနှင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများသို့ ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်းနှင့် ခါ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး အလုပ်ရုံ ဆွေးနွေးပွဲကို မကြာမီပြုလုပ်ပြီး ယင်းဆွေးနွေးပွဲမှ ရရှိသည့် နည်းပညာများကို ထိရောက်စွာ အသုံးချ၍ ၂၀၀၆ ခုနှစ်အတွက် ရန်ကုန်တိုင်း၏ ခါ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် လျာထားဧက တစ်သိန်းပြည့်မီအောင် စနစ်တကျစိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ်၊ မုဆိုးညောင်ပင်ကျေးရွာအနီးရှိ ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧက ၈၀၀၀ သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်နှင့် စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးမြသန်းတို့က စီမံကိန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက လုပ်ငန်းများ အမြန်ပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် မှာကြားပြီး စီမံကိန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးသည် လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်အတွင်းရှိ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားကာ တွေ့ဆုံပွဲအခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပျဉ်းမနား-မြို့ဟောင်း ရထားလမ်း ဒွေးလမ်းဖောက်လုပ်မှု ဒုတိယဝန်ကြီး ဦးဖေသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ဧပြီ ၂၇ ရက်တွင် မြန်မာ့မီးရထား တိုင်းအမှတ်(၅)မှ တိုင်းအရာရှိများ လိုက်ပါလျက် ပျဉ်းမနား-မြို့ဟောင်း ရထားလမ်း ဒွေးလမ်းဖောက်လုပ်ခြင်း စီမံကိန်းလုပ်ငန်းများနှင့် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ပြုပြင်ခြင်း စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ပျဉ်းမနား-မြို့ဟောင်း ရထားလမ်း ဒွေးလမ်းဖောက်လုပ်ခြင်း စီမံကိန်းမှ ပေ ၄၀၀ ရှည်သော ဆင်သေတံတား၏ ရန်ကုန်ဘက်ခြမ်းနှင့် မန္တလေးဘက်ခြမ်း မြေကာနံရံ၊ တံတားတိုင်များနှင့် သံကူကွန်ကရစ် ရက်မကြီးများအပေါ်၌ ကွန်ကရစ်ကြမ်းခင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရထားလမ်းမိုင် (၂၈၄/၃-၄)ရှိ တံတား၊ ရထားလမ်း မိုင်(၃၂၉/၁၈-၂၀)ရှိ တံတား၊ ရထားလမ်းမိုင် (၃၄၀/၂-၃)ရှိ တံတားနှင့် ရထားလမ်းမိုင် (၃၄၆/၂-၃) ရှိ တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အလျားပေ ၁၈၀ အထက် တံတားကြီးများဖြစ်၍ မိုးရာသီမရောက်မီ ပြီးစီးရေးအတွက် လိုအပ်သည့် ပစ္စည်းများနှင့် စက်ယန္တရားများ အမြန်စုဆောင်းရန်နှင့် လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သာစည်ဘူတာသို့ ရောက်ရှိပြီး သာစည်ဘူတာ၌ သာစည် - ကွမ်းခြံရိုး - မိတ္ထီလာ ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ စီမံကိန်း အင်ဂျင်နီယာက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၊ ရထားလမ်းမိုင် (၃၂၉/၁၈-၂၀)ရှိ တံတားတည်ဆောက်ရေး လုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

● မိုဘိုင်းဖုန်းမှ

သုတေသန လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ မိုဘိုင်းဖုန်းကို အသုံးပြု၍ အင်တာနက်ကြည့်ရှုသူအများစုမှာ ဂျပန်လူမျိုးများဖြစ်ကြသည်။ အင်တာနက်ကို မိုဘိုင်းဖုန်းဖြင့် ကြည့်ရှုသူ အရေအတွက်၏ ၉၂ ရာခိုင်နှုန်းမှာ ဂျပန်လူမျိုးများဖြစ်ကြောင်း အစ်ပဆော့ အင်ဆိုက် သုတေသနကုမ္ပဏီက ထုတ်ပြန်သော လေ့လာချက်တစ်ရပ်၌ ဖော်ပြထားသည်။ ဂျပန်နိုင်ငံတွင် ၂၀၀၅ခုနှစ်အတွင်း တစ်လလျှင် အနည်းဆုံးတစ်ကြိမ် အင်တာနက်ကြည့်ရှုခြင်း သို့မဟုတ် အီးမေးလ်ပို့ခြင်းပြုလုပ်ရာ၌ မိုဘိုင်းဖုန်းကို အသုံးပြုကြောင်း အဆိုပါလေ့လာချက်တွင် ဆက်လက်ဖော်ပြထားသည်။

၂၀၀၆ ခုနှစ်အတွင်း ဂျပန်လူမျိုး အရွယ်ရောက်ပြီးသူ ၁၀ ဦးအနက် လေးဦးခန့်မှာ မိုဘိုင်းဖုန်းဖြင့် အင်တာနက်ကို ကြည့်ရှုကြကြောင်း၊ ယင်းမှာ ၂၀၀၃ ခုနှစ် အခြေအနေထက် ၅၀ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

ယနေ့ကာလတွင် အင်တာနက် မိုဘိုင်းဖုန်းနည်းပညာသစ် ပေါ်ထွန်းလာခြင်းနှင့်အတူ Notebook PC ကွန်ပျူတာများ ရေပန်းစားလာချိန်တွင် အလွယ်တကူ သယ်ယူသွားနိုင်သည့် မိုဘိုင်းဖုန်းများသည် နေအိမ်ပြင်ပသို့ ရောက်ရှိနေချိန်မျိုး၌ အင်တာနက်အသုံးပြုလိုသူများအတွက် အထူးအသုံးတည့်နိုင်သည်။

ပီစီကွန်ပျူတာများသည် နေအိမ်သုံးအတွက် အထူးသင့်လျော်သော်လည်း နေအိမ်ပြင်ပ ရောက်ရှိချိန်တွင် မိုဘိုင်းဖုန်းများကသာလျှင် အင်တာနက်နှင့် ချိတ်ဆက်နိုင်ရန် ဖြစ်နိုင်ပေရာ မိုဘိုင်းဖုန်းအသုံးပြုသော အင်တာနက်ကြည့်ရှုလိုသူများအတွက် နည်းပညာတီထွင်ဆန်းသစ်မှုများ အားကောင်းလာမည်ဖြစ်ကြောင်း လေ့လာချက်၌ ဆက်လက်ဖော်ပြထားသည်။

(အင်တာနက်)

✢ NLD မှ

ပါတီနိုင်ငံရေးသက်သက်သာ ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ချက်ဖြင့် နောင်ချိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းတို့အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို) NLD ၏ လုပ်ရပ်များနှင့် ပါတီ၏အနေအထားအပေါ် စိတ်ကုန်ခန်းမှုဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့အပြင် ဒေသတိုးတက်ရေး ဆောင်ရွက်ရာတွင် NLD ဗဟို၏ ဦးဆောင်မှု၊ ကူညီပံ့ပိုးမှုမရှိသဖြင့် ပြည်သူလူထုကလည်း ၎င်းတို့ NLD အဖွဲ့ဝင်များအား ဒေသ၌ လူပိုအဖြစ် သဘောထားလျက် အထင်အမြင်သေးခြင်းကို ခံနေရပါကြောင်း၊ ယနေ့နိုင်ငံတော်အစိုးရ၏ တိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တကယ် ဆောင်ရွက်ပေးနေသော ဖွံ့ဖြိုးတိုးတက်မှုများကို ၎င်းတို့ ကျေနပ်လက်ခံပါကြောင်း၊ ၎င်းတို့အဖွဲ့အနေဖြင့်လည်း ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းလျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစွမ်းကုန်ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါကြောင်း၊ နောင်ချိုမြို့နယ် ဒီမိုကရေစီအဖွဲ့ချုပ်ကို မူလကပါတီဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ရာ ဦးထွန်းထွန်းဟိန်းသည် ရန်ကုန် ကြည့်မြင်တိုင်မြို့နယ်သို့ ပြောင်းရွှေ့သွားပြီး ဦးကျော်တင့် (အဖွဲ့ဝင်၊ ဈေးရပ်၊ နောင်ချိုမြို့)သည် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ၎င်းတို့ လက်ကျန်ပါတီဝင် ၁၅ ဦးကလည်း NLD အနေဖြင့် မှန်ကန်သောဦးဆောင်မှုမပေးနိုင်သည့်အပြင် ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် ကွဲပြားလျက်ရှိနေသည်ကို တွေ့ရှိနေရသဖြင့် နောင်ချိုမြို့နယ် NLD အလုပ်အမှုဆောင်အဖွဲ့ကို ၎င်းတို့ဆန္ဒအလျောက် ဖျက်သိမ်းခဲ့ပြီး NLD ပါတီဝင်အဖြစ်မှ အပြီးအပိုင် နုတ်ထွက်ပါကြောင်း၊ ဦးမြင့်ဆွေ(ဥက္ကဋ္ဌ) နေအိမ်၌ ဖွင့်လှစ်ထားသော နောင်ချိုမြို့နယ် NLD ရုံးကိုလည်း ဧပြီ ၂၉ ရက်နေ့မှစ၍ ပိတ်သိမ်းပြီးဖြစ်ပါကြောင်း ဖော်ပြထားသည်။ (သတင်းစဉ်)

သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုး ရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင် ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

လမ်းလျှောက်ခြင်းသည်

၁။ သွေးတိုးကျစေသည်။
၂။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။
၃။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။
၄။ အရိုးများကြံ့ခိုင် သန်စွမ်းစေသည်။
၅။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။
၆။ ကြွက်သားများ သန်စွမ်းဖျတ်လတ်စေသည်။
၇။ သွေးအတွင်းမှ အဆီကျစေသည်။
၈။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။
၉။ အသက်အရွယ်မရွေး/လူတန်းစားမရွေး ဆောင်ရွက်နိုင်သည်။

ရောဂါဘယများကင်း၍ အသက်ရှည် ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အာဆီယံ ဖူဆယ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် မေ ၃၀

၂၀၀၆ ခုနှစ် မေ ၂ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် အာဆီယံဖူဆယ် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းသည် ယနေ့ နံနက် ၁၀ နာရီက လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အပေါ်ပုံ)

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် အုပ်ချုပ်သူ ဦးကြည်မင်းသိန်း၊ နည်းပြဆရာများအဖြစ် ဦးအေး မောင်လေးနှင့် ဦးဖေခင်၊ အားကစားသမားများအဖြစ် မျိုးလှိုင်ဝင်း၊ မောင်မောင်ဌေး၊ ထွန်းထွန်းထက်၊ တင့်နိုင်ထွန်းသိန်း၊ ခင်မောင်ထွန်း၊ စိုးသီဟအောင်၊ ကိုကိုအောင်၊ အောင်ဇော်မျိုး၊ မောင်မောင်မြင့်၊ ကျော်ဒွန်း၊ တင်မင်းထွန်းနှင့် ကျော်ဇင်ညွန့်တို့ လိုက်ပါသွားကြသည်။

အုပ်စု

မြန်မာအသင်းသည် အုပ်စု၌ လက်ရှိချန်ပီယံ ထိုင်း၊ ဘရူနိုင်းနှင့် အရှေ့တီမောတို့နှင့်အတူ ပါဝင်ပြီး မေ ၂ ရက်တွင် အရှေ့တီမော၊ မေ ၃ ရက်တွင် ထိုင်း၊ မေ ၄ ရက်တွင် ဘရူနိုင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁–၅–၂၀၀၆ (တနင်္လာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ မြေပြင်ရှုခင်း ဖန်ဆင်းခြင်း (အပိုင်း–၁)
၇း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၇း၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
၇း၅၀ ပြည်တွင်းသတင်းအကျဉ်း
၈း၀၀ Myanmar Futsal အသင်း၏ကြိုတင်ပြင်ဆင်မှုများ
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ(ရွှေထိုက်ရဲ့ "ရှူး၂၄")
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ ရော်ဘာစိုက်ပျိုးပြည့်အကျိုး ဆတိုးဆောင်ရွက်စီးပွားတက်
၉း၀၅ မိုးလေဝသခန့်မှန်းချက်
၉း၁၀ ရန်ကုန်ရွက်လှေအသင်း၏ဆုချီးမြှင့်ပွဲနှင့်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား
၉း၃၀ တေးဂီတအစီအစဉ်
၉း၃၅ မိကျောင်းမျိုးဆက်မပြုန်းတီးရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေး
၉း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ လယ်ယာထွန်စက်
၁၀း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ သုံးစွဲမနေး မြန်မာ့တိုင်းရင်းဆေး(တပင်တိုင်မြနန်း)
၁၀း၄၅ တေးဂီတအစီအစဉ်
၁၀း၅၀ သိမှတ်စရာဆေးပညာ (အပိုင်း–၁)
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၁း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ ကြက်၊ငှက်တုပ်ကွေးရောဂါ အကြောင်းသိကောင်းစရာ
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၁၀း၃၀ Sunderland-Arsenal
လိုင်း 5-Sports(Live)
၁း၂၅ West Brom-West Ham
လိုင်း 5-Sports(Live)

ကြေးပိဋကတ်တော်တစ်ဆူပြုလုပ်ရေး အလှူငွေပေးအပ်

ရန်ကုန် မေ ၃၀

မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းလျက်ရှိရာ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)၊ မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်ထံ အလှူရှင်များက လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘူတာရုံလမ်းမှ ဦးအောင်မြင့်–ဒေါ်သီတာဝင်း သား မောင်အောင်စိုး၊ သမီး မမှူးသက်ထားနွယ် မိသားစု၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနေ ဦးထင်ကျော်ဝင်း–ဒေါ်တင်မြ သမီးမခင်စန္ဒာကျော် (မွေးနေ့အလှူ)၊ နှစ်ဖက်သော မိဘများကို အမှူးထား၍ တောင်ဥက္ကလာပမြို့နယ်၊ (၅–၇) ရပ်ကွက်၊ ၂၆ လမ်းနေ ဦးသိန်းကျော်–ဒေါ်သိဂီလင်းမိသားစု။ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်းနေ ဒေါ်မြမြနွယ်၊ ဒေါ်ရင်မေ။ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ မြင်သာ၊ စကားဖြူလမ်းနေ ဦးအောင်မြို့ – ဒေါ်ခင်ဥမ္မာ သား မောင်အောင်ကောင်းဆက်၊ ကွယ်လွန်သူ မိခင်ကြီး ဒေါ်ရွှေကွန်အား ရည်စူး၍ သားသမီးများဖြစ်ကြသော ဦးထွန်းဦးနှင့် ဇနီး ဒေါ်နှင်းအေး၊ ဦးမျိုးအောင်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်မြမြအောင်တို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။

အလှူရှင်များအနေဖြင့် ကြေးပြားတစ်ချပ်လျှင် ငွေကျပ် ၁၈၀၀၀ ဖြင့် မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင် တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်း မြို့နယ်။ ဖုန်း–၅၄၈၈၀၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကြေးမုံ The Mirror — ပြည်ပအားကစားသတင်းများ

တိုက်စစ်မှူး ဝိန်းရူနီ ခြေဖဝါးရိုးကျိုးခဲ့ရ အင်္ဂလန်အသင်းအတွက် မျှော်လင့်ချက်ထိခိုက်နိုင်

လန်ဒန် ဧပြီ ၃၀

စနေနေ့ကကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်အတွင်း ခြေထောက်တွင် အရိုးကျိုးခဲ့ရသည့် မန်ချက်စတာယူနိုက်တက် တိုက်စစ်မှူး ဝိန်းရူနီသည် ရက်သတ္တခြောက်ပတ်ကြာမျှ ဘောလုံးကစားနိုင်မည်မဟုတ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့် ဝိန်းရူနီ၏ဖြစ်ရပ်ကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်း၏ မျှော်လင့်ချက်များကို ကြီးကြီးမားမား ထိခိုက်စေနိုင်ကြောင်း ဧပြီ ၃၀ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဧပြီ ၂၉ရက်က ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်အတွင်း ခြေဖဝါးရိုးကျိုးခဲ့ရသူ မန်ချက်စ်တာယူနိုက်တက် တိုက်စစ်မှူး ဝိန်းရူနီ။ *(ဓာတ်ပုံ–အင်တာနက်)*

တိုက်စစ်မှူးဝိန်းရူနီသည် ၎င်း၏ ညာခြေထောက်ရှိ စတုတ္ထမြောက် ခြေဖဝါးရိုးကျိုးသည့် ဒဏ်ရာ ရရှိထားကြောင်း မန်ချက်စတာယူနိုက်တက်အသင်း၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ရူနီသည် ရက်သတ္တခြောက်ပတ်ကြာမျှ ဘောလုံးကစားနိုင်မည်မဟုတ်ဟု သမားတော်ကြီးများက ပြောကြားကြောင်း မန်ချက်စတာယူနိုက်တက် အသင်း၏ သတင်း ကြေညာချက်တွင် ရေးသားထားသည်။

ဇွန် ၉ ရက်တွင် စတင်မည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြိုကာလတွင် ဝိန်းရူနီ ထိခိုက်ဒဏ်ရာရရှိမှု သတင်းသည် အင်္ဂလန်အသင်းအတွက် သတင်းဆိုးပင်ဖြစ်သည်။

စနေနေ့က စတမ်းဖို့ဒ်ဘရစ်ဂျ် ကွင်းတွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်အတွင်း ပွဲပြီးဆုံးရန် ၁၀ မိနစ်အလိုတွင် ချယ်လ်ဆီးအသင်းမှ နောက်တန်းသမား ပေါလိုဖရေရာနှင့် ထိခိုက်မိရာမှ ဝိန်းရူနီ ခြေဖဝါးရိုးကျိုးခဲ့ရခြင်းဖြစ်သည်။

ဝိန်းရူနီသည် ၂၀၀၄ ခုနှစ်ကလည်း ဥရောပချန်ပီယံ ကွာတားဖိုင်နယ် အဆင့်ပွဲတွင် ၎င်း၏အသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားစဉ် အတွင်း ယခုနည်းတူပင် ခြေဖဝါးရိုး ကျိုးခဲ့ရသေးသည်။

ထိခိုက် အနာတရဖြစ်မှုကြောင့် ငါးလကြာမျှ အနားယူခဲ့ရပြီးနောက် နယူးကာဆယ်ယူနိုက်တက်အသင်းတွင် ဧပြီ ၂၉ရက်က နာရီဝက်မျှ ပါဝင် ကစားခဲ့သူ တိုက်စစ်မှူး မိုက်ကယ်အိုဝင်။ *(ဓာတ်ပုံ–အင်တာနက်)*

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်းအတွက် အားထားရသည့်အခြားဘောလုံးသမားတစ်ဦးဖြစ်သော မိုက်ကယ်အိုဝင်သည် စနေနေ့က ဘာမင်ဂမ်စီးတီးအသင်းနှင့် နယူးကာဆယ်အသင်း ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ပွဲမပြီးဆုံးမီ နာရီဝက်ခန့် ဝင်ရောက်ကစားကြည့်ခဲ့ရာ၌ ဟန်မပျက်ကစားနိုင်ခဲ့သော်လည်း ပွဲအပြီးတွင် ပျော့ခွေသွားခဲ့သည်။ အိုဝင်သည် ထိခိုက်အနာတရဖြစ်မှုကြောင့် ငါးလကြာမျှ အနားယူခဲ့ရသည်။

အင်တာနက်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဖြစ်ပွားသော လူသတ်လုယက်မှု တရားခံများအား ၇၂နာရီအတွင်း ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၀)ရပ်ကွက် ဗိုလ်စောနောင်လမ်းနှင့် နီလာလမ်းထောင့်၌ ဧပြီ ၂၃ရက် ည၉နာရီ၁၅မိနစ်ခန့်တွင် ဂုန်နီအိတ်ဖြင့်ထည့်၍ စွန့်ပစ်ထားသော ဓားဒဏ်ရာများဖြင့် သေဆုံးနေသည့် အမည်၊ နေရပ်မသိ အသက်(၂၀)ခန့်အရွယ်ရှိ အမျိုးသားတစ်ဦး၏ အလောင်းကို တွေ့ရှိခဲ့ရသည်။

စုံစမ်းစစ်ဆေးချက်များအရ အသတ်ခံရသူ လူငယ်မှာ ကမာရွတ်မြို့နယ် အင်းစိန်လမ်း အမှတ်(၁၅၄) (ဒုတိယထပ်)နေ Easterlet သွင်းကုန်ထုတ်ကုန်ကုမ္ပဏီမှ ရုံးအကူ မျိုးမင်းအေး (အသက်–၂၀) (အဘ) ဦးအေးဝင်း ဖြစ်ကြောင်း သိရှိရပြီး မျိုးမင်းအေးအား ကြိုတင်ကြံစည်စောင့်ဆိုင်းပြီး လုယက်သတ်ဖြတ်ခဲ့သည့် ရဲထွန်း(ခ)ရဲထွန်းဦး (၂၆)နှစ် (အဘ) ဦးထွန်းလင်းနှင့် ထော်လေး(ခ)ချစ်ဖူး (၁၈)နှစ် (အဘ) ဦးစိုးမိုးတို့အား ဧပြီ ၂၆ရက် ည ၁၁နာရီခွဲခန့် တွင်လည်းကောင်း၊ ဒေါ်ခင်မာကြည် (ခ) ဒေါ်ခင်မကြူ (၄၂)နှစ် (အဘ) ဦးဟိန်းမောင်အား ဧပြီ ၂၆ရက် နံနက် ၈နာရီတွင်လည်းကောင်း ဖမ်းဆီးရမိသည်။

ထွက်ဆိုချက်များအရ မလေးရှားနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများက Easterlet ကုမ္ပဏီမှတစ်ဆင့် ၎င်းတို့မိသားစုထံ ပေးပို့ခဲ့သည့် ငွေများကို ၎င်းကုမ္ပဏီမှ ရုံးအကူ မျိုးမင်းအေးက ဧပြီ ၂၃ရက်တွင် လိုက်လံပေးပို့ခဲ့ကြောင်း၊ မလေးရှားနိုင်ငံမှ ဒေါ်ခင်မာကြည်၏ ခင်ပွန်း ဦးစိုးထွန်း ပေးပို့သော ငွေကျပ် ၅၇၀၀၀ကို ဒေါ်ခင်မာကြည်ထံ သွားရောက်ပေးအပ်စဉ် ယင်းနေအိမ်၌ အသင့်စောင့်ဆိုင်းနေသော ရဲထွန်း(ခ) ရဲထွန်းဦး၊ ထော်လေး(ခ) ချစ်ဖူးနှင့် ဒေါ်ခင်မာကြည်တို့က ငွေကျပ် ၃၄၂၂၀၀၀ ထည့်ထားသော ကျောပိုးအိတ်ကို လုယူပြီး စကောဘာ၊ ဝက်အူလှည့်နှင့် ငှက်ကြီးတောင်ဓားတို့ဖြင့် ဝိုင်းဝန်းထိုးသတ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ လူသတ်လုယက်မှု တရားခံသုံးဦးအား ပြည်သူလူထု၏ ဝိုင်းဝန်းကူညီသတင်းပေးမှုကြောင့် ၇၂နာရီအတွင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၇)ဖြန့်ချိ

ရန်ကုန် ဧပြီ ၃၀

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၁၇)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မန္တလေးဗဟို အမျိုးသမီးဆေးရုံကြီးတွင် ပထမဆုံးရင်ချင်းဆက်အမြွှာ အောင်မြင်စွာ ခွဲစိတ်မွေးဖွား၊ မြန်မာပြည်တွင် ပထမဆုံးသုံးဘီးကားဒီဇိုင်းပုံစံသစ် မော်လမြိုင်စက်မှုဇုန်မှထုတ်လုပ်၊ အေးရှားဝေါလ်ဆိပ်ကမ်းမှ တစ်ဆင့် ပြည်ပသို့ ပဲမျိုးစုံတင်ပို့ ဆောင်ရွက်လာ၊ ရန်ကုန်–မန္တလေး အမှတ်(၃) ခြောက်လမ်းသွားလမ်းမကြီး အကြီးစားပြင်ဆင်မှု မိုးမကျမီ အပြီးသတ်မည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

တရုတ်နိုင်ငံတွင် အရန်လောင်စာဆီလှောင်ရန် ဆော်ဒီနိုင်ငံစိတ်ဝင်စား၊ ပြတိုက်သဘော်အိုထဲက လူတစ္ဆေ သုတေသီများစူးစမ်း၊ ဘွားဘွားကံထူးရှင်ငါးပြားတန်လောင်းကစားစက်မှ ဆုငွေဆယ်သန်း ဆွတ်ခူး စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၂၂၆၈၅၈ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

ချောင်လေဝေးဝေး
မူးယစ်ဆေး

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

ကော့စတာရီကာ

ကော့စတာရီကာ အသင်းသည် ဂျာမနီ၊ ပိုလန် စသော အုပ်စုထဲ ကျရောက်သည့်အတွက် သူတို့၏ တောက်ပသော အလားအလာများ

ကော့စတာရီကာ အသင်း၏ နည်းပြ အလက်ဇန္ဒြားဂူးမာရေး။

သည် မေးမှိန်မသွားချေ။ ကော့စတာရီကာအသင်းသည် ဂျာမနီ၊ ပိုလန်၊ အီကွေဒေါစသော ပြိုင်ဘက်အသင်းများထက် ပို၍မာကျောသည်။ အထူးသဖြင့် အိမ်ရှင်အသင်းနှင့် ကစားရမည့် အဖွင့်ပွဲကို ကော့စတာရီကာသည် စိတ်အားထက်သန်လျက် ရှိကြသည်။ အသင်းခေါင်းဆောင် လူးဝစ္စမာရင်းက မထင်မှတ်စရာများ ဖြစ်ပြီး တန်ဖိုးကြီးကြီးပေးကြရလိမ့်မည်ဟု ပြိုင်ဘက်အသင်းများကို ရည်ရွယ်၍ ပြောကြားလိုက်သည်။ ဤပြောဆိုချက်သည် နည်းပြဆရာ ဂူးမာရေးကို ပို၍ ကျော်ကြားသွားစေသည်။

ကော့စတာရီကာ အသင်း၏ ပြိုင်ဘက်များသည် ဘောလုံး အစဉ်အလာကြီးကြသည်။ သို့သော် ကော့စတာရီကာအသင်းသည် သူ၏ပြိုင်ဘက်အသင်းများကို ရှုံးထွက်ဒုတိယပတ်လည်အဆင့်သို့ လွယ်လွယ်ကူကူဖြင့် ဖြတ်ကျော်ခွင့်ပြုလိမ့်မည် မဟုတ်ချေ။ "အကောင်းဆုံး ကစားပြနိုင်လိမ့်မယ်ဆိုတာတော့ ပြောရဲပါတယ်၊ လွယ်တော့မလွယ်ဘူးပေါ့ဗျာ၊ ဒါပေမယ့် မဖြစ်နိုင်ဘူးဆိုတာ မရှိဘူးလေ"ဟု နည်းပြဆရာ ဂူးမာရေးက ထုတ်ဖော်ပြောကြားလိုက်သည်။

ကျော်လွှားနိုင်

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကော့စတာရီကာအသင်းသည် အုပ်စုတတိယဖြင့် ပထမအုပ်စုပတ်လည်မှ ထွက်ရသည်။ အုပ်စုဒုတိယရသော တူရကီနှင့် ရမှတ်ချင်းတူနေသော်လည်း ဂိုးကွာဟချက်ကြောင့် ထွက်ရခြင်းဖြစ်သည်။ ဤအတွေ့အကြုံကို သင်ခန်းစာယူပြီး ကော့စတာရီကာသည် ယခုတစ်ကြိမ်တွင် ပထမအဆင့် အုပ်စုမှ ကျော်လွှားနိုင်ရန် ကြိုးစားအားထုတ်လိမ့်မည်ဟု ယူဆရသည်။

အုပ်စုတွင်းပြိုင်ဘက်များနှင့် ကစားခဲ့သော အခြေအနေများကို လေ့လာကြည့်ရာတွင် အားရကျေနပ်ဖွယ် မကောင်းသည်ကို တွေ့ရသည်။ ကော့စတာရီကာသည် ဂျာမနီအသင်းမှလွဲ၍ ကျန်နှစ်သင်းနှင့် ကစားခဲ့ဖူးသည်။ ပိုလန်နှင့်နှစ်ကြိမ်ကစားရာတွင် နှစ်ပွဲစလုံး ရှုံးသည်။ အီကွေဒေါနှင့် ရှစ်ပွဲကစားရာ တစ်ပွဲသာ အနိုင်ရဖူးသည်။

လိမ်မာပါးနပ်

နည်းပြဆရာ ဂူးမာရေးသည် ခြေစစ်ပွဲအလယ်လောက်မှ ကော့စတာရီကာအသင်းကို ပြန်လည်ကိုင်တွယ်ခဲ့ရသည်။ ထိုအချိန်ကတည်းက နည်းပြဆရာ၏ နည်းပရိယာယ်ပိုင်းနှင့် လူရွေးချယ်မှုအပိုင်းများကို ဝေဖန်မှုများရှိသည်။ ဂူးမာရေးသည် စည်းရုံးလှုံ့ဆော်မှုအပိုင်းတွင် ကျွမ်းကျင်လိမ္မာပါးနပ်သူဖြစ်သည်။ အသင်း၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေများ ပိုမိုကောင်းမွန်လာအောင် ပြုစုပျိုးထောင်သွားလိမ့်မည်ဟု ယုံကြည်ရသည်။

အားနည်းချက်

ကော့စတာရီကာသည် ပင်ကိုအစွမ်းအစရှိပြီး နည်းစနစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သော အသင်းဖြစ်သည်။ ယင်းအသင်း၏ အဓိက အားနည်းချက်မှာ နောက်တန်းဖြစ်သည်။ သို့သော် ယင်းအားနည်းချက်ကို ပြုပြင်

ကော့စတာရီကာ၏ အဓိကအားကစားသမားတစ်ဦးဖြစ်သည့် ပေါလိုဝမ်ချော့ပ်(ပုံ) သည် အင်္ဂလန်ကလပ်အသင်းများဖြစ်သည့် ဒါဘီ၊ ဝက်စ်ဟမ်း၊ မန်-စီးတီးနှင့် စပိန်ကလပ်အသင်း မာလာဂါ၊ ကာတာကလပ် အသင်း အဲလ်ဂါလာဖာတို့တွင် ကစားခဲ့သည့် အတွေ့အကြုံတို့ကို အကောင်းဆုံး အသုံးချနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

ဂမ်ဆိုင်း

ဖာထေးခြင်းမပြုဘဲ သူတို့နည်းသူတို့ဟန်ဖြင့် ကစားသွားလိမ့်မည်။

ကစားခဲ့သောပွဲများကို လေ့လာကြည့်ရာတွင် နောက်တန်းသည် အမြင့်ဘောများကို ဖျက်ထုတ်ရာတွင်လည်းကောင်း၊ ထောင့်ကန် ဘောနှင့် တစ်ဆင့်ကန် ပြစ်ဒဏ်ဘောများကို ရှင်းထုတ်ရာတွင်လည်းကောင်း အလွန်အားနည်းသည်။

အသင်း ပြန်ကိုင်ရသည့်အချိန်ကတည်းက ဂူးမာရေးသည် နည်းပြဆရာဟောင်း ချခဲ့သော ၄း၄း၂ ပုံစံ

အတိုင်း ဆက်၍ ကစားသည်။ တကယ်တမ်း သူကြိုက်သောပုံစံမှာ ၃း၅း၂ ဖြစ်သည်။ ယခင်ကလည်း ဤအတိုင်း ကစားခဲ့သည်။ ယခု ဂူးမာရေးမှာ အချိန်ရသေးသည့်အတွက် ၃း၅း၂ ဖြင့် ကစားရန် စီစဉ်နေသည်။

အားအနည်းဆုံး

အုပ်စု (က)တွင် ကော့စတာရီကာသည် အားအနည်းဆုံး အသင်းဟု ထင်ကြပါလိမ့်မည်။

ဘောလုံးရသ

သို့သော် အနည်းဆုံးစိတ်ဝင်စားစရာကောင်းသော ဘောလုံးရသကို ပေးပါလိမ့်မည်။ အကယ်၍ ပြိုင်ဘက်အသင်းများက လျှော့တွက်လိုက်မည်ဆိုလျှင် အဖြေတစ်မျိုးပြောင်းသွားရအောင် လုပ်နိုင်သောစွမ်းရည်များရှိသည်။ ။

မဟာမုနိရုပ်ပွားတော် ဒေသစာရီကြွချီ အပူဇော်ခံမည်

ရန်ကုန် မေ ၃၀

ရွှေတိဂုံစေတီတော် ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်းက ကြီးမှူးသွန်းလောင်းပြီးဖြစ်သော မဟာမုနိရုပ်ပွားတော်မြတ်သည် ရန်ကုန်တိုင်းအတွင်းရှိ သဒ္ဓါကြည်လင် ပါရမီရှင်များ ဖူးမြော်ကြည်ညိုရန် မေ ၂ ရက်တွင် ဗဟန်း၊ တာမွေ၊ ၃ ရက်တွင် ပုဇွန်တောင်၊ ဗိုလ်တထောင်၊ သာကေတ၊ ၄ ရက်တွင် သဃ်န်းကျွန်း၊ သုဝဏ္ဏ၊ ၅ ရက်တွင် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ၆ ရက်တွင် မရမ်းကုန်း၊ လှိုင်၊ ၇ ရက်တွင် ကမာရွတ်၊ ကြည့်မြင်တိုင်၊ အလုံ၊ ၈ ရက်တွင် စမ်းချောင်း၊ လမ်းမတော်၊ လသာမြို့နယ်များအတွင်း ညနေ ၅ နာရီမှ ည ၉ နာရီအထိ ဒေသစာရီ ကြွချီ အပူဇော်ခံမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ရန်ကင်းဓမ္မိကဓမ္မာရုံ မိုးကုတ်တရားပွဲ

ရန်ကုန် မေ ၃၀

ရန်ကင်းမြို့နယ် (၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်းနှင့် ဓမ္မာရုံဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသော တရားပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတ အောင်စကြာ မိုးကုတ်ရိပ်သာမှ ပြည်တွင်း၊ ပြည်ပ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်စန္ဒသိရီ (ဓမ္မာစရိယ) အရှင်သူမြတ်က မေ ၂ရက်မှ ၄ရက်အထိ သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

ပုညာရာမဆရာတော် မိုးကုတ်တရားစခန်းပွဲများ

ရန်ကုန် မေ ၃၀

သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်းရှိ ပုညာရာမ မိုးကုတ်ရိပ်သာ၏ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ အရှင်ပုညာနန္ဒ (ဗဟုဇနဟိတရေ) အရှင်သူမြတ်သည် မေ ၂ရက်မှ ၁၁ရက်ထိ တောင်ကြီးမြို့ မိုးကုတ်ရိပ်သာ(အဖွဲ့ခွဲ-၂၅)နှင့် မေ ၁၂ရက်မှ ၂၂ရက်ထိ လားရှိုးမြို့ မိုးကုတ်ရိပ်သာ (အဖွဲ့ခွဲ-၁၉၆)တို့၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ပြသဆဲဇာတ်ကားများ ဆက်လက်ပြသ တောင်သမန်သစ္စာ မကြာမီရုံတင်မည်

ရန်ကုန် မေ ၃၀

မေ ၁ ရက် တနင်္လာနေ့တွင် ပြသဆဲ မြန်မာရုပ်ရှင်ကားများဖြစ်သည့် **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိကြ္ဂာ**ဇာတ်ကားနှင့် **ရတနာ**ဇာတ်ကားတို့ ဆက်လက်ပြသနေသည်။

ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ အကယ်ဒမီ ငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာ ဒေါနရိုက်ကူးသည့် **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိကြ္ဂာ**ဇာတ်ကားတွင် အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ ခေါင်းဆောင် ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေသည်။

ပြသဆဲ ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိကြ္ဂာ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

မကြာမီ ရုံတင်ပြသတော့မည့် တောင်သမန်သစ္စာ ဇာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်ဟန်။

ရတနာ

ရွှေ့ဆောင်ရုံတွင် မင်းတင်ထွဏ်း၏ ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာ အိအိခိုင် တာဝန်ယူ ရိုက်ကူးသည့် ရတနာဇာတ်ကား ဆက်လက်ပြသနေသည် ၎င်းဇာတ်ကားတွင် ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ ဇာဂနာ၊ ဖိုးသောကြာနှင့် ပုလဲဝင်းတို့ ခေါင်းဆောင်ပါဝင်ကြသည်။

နေပြည်တော်ရုံတွင် ဂျက်ကီချန်း ပါဝင်သည့် The Myth ဇာတ်ကား ဆက်လက်ပြသနေသည်။

တောင်သမန်သစ္စာ

လှိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ကလျာ (ဝိဇ္ဇာ/သိပ္ပံ)၏ ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးသားပြီး အကယ်ဒမီ မောင်နန္ဒ ရိုက်ကူးသည့် **တောင်သမန်သစ္စာ** ဇာတ်ကားမှာ မကြာမီရုံတင်ပြသတော့မည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင်နှင့် နဝရတ်တို့ ခေါင်းဆောင်ပါဝင်ကြကြောင်း သိရသည်။

(ကြေးမုံ)

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် မေ ၃၀

မေ ၃၀ရက်ထုတ် သတင်းစာပါ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် အစည်းအဝေး ဂုဏ်ပြုညစာစားပွဲ သတင်းတွင် အကောင်းဆုံးစာတမ်း နှစ်သိမ့်ဆု ရရှိကြသည့် စာရင်း၌ "မန္တလေးတိုင်း" အစား "စစ်ကိုင်းတိုင်း"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီးအတွက် ECG စက်တစ်လုံးနှင့် ဘီးတပ်ကုလားထိုင်တစ်လုံး တန်ဖိုးငွေကျပ် ၁၇၂၀၀၀၀ ကို ဒေါက်တာမြင့်မြတ်အား အမှူးထားပြီး ကွယ်လွန်သူ အဘိုး၊ အဘွား၊ ဖခင်၊ မိခင်၊ အစ်ကိုတို့အတွက် ရည်စူး၍ ဗိုလ်တထောင်မြို့နယ် (၄၂)လမ်းနေ အလှူရှင် ဟာဂျီမ မမေရမ်နှင့် ဟာဂျီမဒေါ်အေးမြင့်တို့က ဆေးရုံအုပ်ကြီး ဒေါက်တာစမ်းစမ်းလှိုင်သို့ မေ ၂၇ရက်က ပေးအပ်လှူဒါန်းစဉ်။ (၂၃)

ပုတာအိုမြို့ ပန်းလှိုင်ချောင်းကူးတံတားဖွင့်ပွဲ တိုင်းမှူးနှင့်ဝန်ကြီးများတက်ရောက် ပူတာအို–ဖုန်ကန်ရာဇီ ကားလမ်းဖောက်လုပ်မှုနှင့် ကြိုးတံတားများ ကြံ့ခိုင်မှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

ကချင်ပြည်နယ်၊ ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်၌ တည်ဆောက်ပြီးစီးခဲ့သည့် အရှည်ပေ ၁၃၀ ရှိ ပန်းလှိုင် ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီတွင် အဆိုပါ တံတားသစ်မုခ်ဦး၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခိုင်စိုးနှင့် တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပူတာအိုခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများနှင့် ဌာနဆိုင် ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး ဦးဒေးဗစ်ဘရန်ရှောင်က တံတား တည်ဆောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကားပြောကြား သည်။ ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က အသီးသီး အမှာစကား ပြောကြားကြပြီး ပန်းလှိုင်ရပ်ကွက် ဥက္ကဋ္ဌ ဦးစောနွဲ့သိုက်ရွှေက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပူတာအိုခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်စိုး၊ ခရိုင်အင်ဂျင်နီယာမှူး ဦးဒေးဗစ်ဘရန် ရှောင်နှင့် ပန်းလှိုင်ရပ်ကွက် ဥက္ကဋ္ဌ ဦးစောနွဲ့သိုက်ရွှေ တို့က တံတားသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် တက်ရောက်လာကြသူများ က တံတားသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးများက ပန်းလှိုင်အခြေခံပညာ အလယ်တန်းကျောင်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ အတွက် ငွေကျပ်ငါးသိန်းကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ် လှူဒါန်းသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီး များသည် ပူတာအို–ဖုန်ကန်ရာဇီ မော်တော်ကားလမ်း ဖောက်လုပ်ပြီးစီးမှု၊ မန်စေကြိုးတံတားနှင့် ဒါကူရီဇာ ကြိုးတံတား ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✻

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း စစ်ပင်လျှပ်စစ်ရေတင် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကုန်းတွင်းမုန်တိုင်းငယ် အားပျော့ပျက်ပြယ်

ရန်ကုန် ဧပြီ ၃၀

ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အရှေ့ အလယ်ပိုင်း၌ ဖြစ်ပေါ်နေခဲ့သော 'မာလာ'အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် ယမန်နေ့ မွန်းလွဲပိုင်း တွင် ရခိုင်ကမ်းရိုးတန်းကို ဂွမြို့အနီးမှ ဖြတ်ကျော် ဝင်ရောက်ခဲ့ပြီး အားပျော့သွားကာ ကုန်းတွင်း မုန်တိုင်းငယ်အဖြစ် အရှေ့မြောက်အရပ်သို့ ဆက် လက်ရွေ့လျားနေခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ အဆိုပါ ကုန်းတွင်းမုန်တိုင်း ငယ်သည် အားပျော့ပျက်ပြယ်သွားခဲ့ပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း လျှပ်စစ်ရေတင်လုပ်ငန်းများကြည့်ရှု ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့် သုတေသနလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်သို့သွားရောက်၍ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးနှင့် သုတေသနလုပ်ငန်းများ၊ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် နွေစပါးလျာထားဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ❁

ကြေးမုံ The Mirror အင်တာနက်သတင်း

မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုမှု ခေတ်စားလာမည် နည်းပညာတီထွင်ဆန်းသစ်မှု လေ့လာချက်တွင်ဖော်ပြ

တိုကျို ဧပြီ ၃၀

အင်တာနက် ကြည့်ရှုရာတွင် ကြားခံကိရိယာအဖြစ် ပီစီ ကွန်ပျူတာများကို အသုံးပြုလျက် ရှိကြသော်လည်း မကြာမီကာလမှ စ၍ မိုဘိုင်းဖုန်းများကို အသုံး ပြုမှု သိသိသာသာ မြင့်တက် လာမည် ဖြစ်ကြောင်း၊ ပီစီ ကွန်ပျူတာဖြင့် အင်တာနက်ကို အသုံးပြုခြင်းထက် မိုဘိုင်းဖုန်း ဖြင့် အင်တာနက်ကို အသုံးပြုမှု ခေတ်စားလာမည်ဖြစ်ကြောင်း ဧပြီ ၃၀ ရက်တွင် ထုတ်ပြန်သည့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●

နိုကီယာကုမ္ပဏီမှ ထုတ်လုပ်သော မိုဘိုင်းဖုန်းသစ်မှာ ဒီဂျစ်တယ် ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို ဖမ်းယူကြည့်ရှုနိုင်သည်။

(ဓာတ်ပုံ–အင်တာနက်)

NLD ပါတီသည် မှန်ကန်သောဦးဆောင်မှုမပေးနိုင်၊ ဒေသဖွံ့ဖြိုးရေးတွင် ကူညီပံ့ပိုးမှုမရှိ၍ ပြည်သူလူထုက NLD အဖွဲ့ဝင်များအား လူပိုအဖြစ်သဘောထားလျက်ရှိ ပါတီတွင် ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် ကွဲပြားလျက်ရှိနေသည့်အတွက် နောင်ချိုမြို့နယ် NLD ရုံးကို ပိတ်သိမ်းပြီး ပါတီဝင်အားလုံး စုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ် အမှုဆောင်များဖြစ်ကြသော ဦးမြင့်ဆွေ (ဥက္ကဋ္ဌ၊ နယ်မြေ–၆၊ တောင်ရပ်၊ နောင်ချိုမြို့)၊ ဦးအောင်မြင့် (ဒုတိယ ဥက္ကဋ္ဌ၊ နယ်မြေ–၃၊ တောင်ရပ်၊ နောင်ချိုမြို့)၊ ဦးအောင်စိန် (အတွင်းရေးမှူး၊ မြို့နယ်စည်းရုံးရေးမှူး၊ ဘူတာရပ်၊ နောင်ချိုမြို့)၊ ဦးမြင့်လွင် (တွဲဖက်အတွင်းရေးမှူး၊ နယ်မြေ–၁၊ ဘူတာရပ်၊ နောင်ချိုမြို့)၊ ဦးဖြူစင် (အဖွဲ့ဝင်၊ နယ်မြေ–၆၊ ပန်ဟတ်ရပ်၊ နောင်ချိုမြို့)၊ ဦးတီကာရမ်း(အဖွဲ့ဝင်၊ ပန်ဟတ်ရပ်၊ နောင်ချိုမြို့)၊ ဦးအောင်သန်း (အဖွဲ့ဝင်၊ နယ်မြေ–၉၊ စျေးရပ်၊ နောင်ချိုမြို့)၊ ဦးဝင်းမောင်(အဖွဲ့ဝင်၊ နယ်မြေ–၂၊ ဘူတာရပ်၊ နောင်ချိုမြို့)၊ ဦးဘသန်း(အဖွဲ့ဝင်၊ အုမ္မခါးကျေးရွာအုပ်စု၊ နောင်ချိုမြို့နယ်)၊ ဦးထွန်းတင် (အဖွဲ့ဝင်၊ နယ်မြေ–၁၀၊ စျေးရပ်၊ နောင်ချိုမြို့)၊ ဦးစိုးသန်း (အဖွဲ့ဝင်၊ နယ်မြေ–၁၀၊ ဘူတာရပ်၊ နောင်ချိုမြို့)၊ ဦးဒီလီရမ်း (အဖွဲ့ဝင်၊ နယ်မြေ–၉၊ ပန်ဟတ်ရပ်၊ နောင်ချိုမြို့)၊ ဦးချယ်(အဖွဲ့ဝင်၊ တောင်ရပ်၊ နောင်ချိုမြို့)၊ ဦးထွန်းကြိုင်(ဘဏ္ဍာရေးမှူး၊ နယ်မြေ–၂၊ ပန်ဟတ်ရပ်၊ နောင်ချိုမြို့)နှင့် ဦးထွန်းစိန်(အဖွဲ့ဝင်၊ နယ်မြေ–၁၊ နောင်ချိုမြို့)တို့ ၁၅ ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာကို ဧပြီ ၂၉ ရက်တွင် စုပေါင်းလက်မှတ်ရေးထိုးကာ ယနေ့တွင် နောင်ချိုမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့နုတ်ထွက်ခဲ့ကြကြောင်း သိရှိရသည်။

နောင်ချိုမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့ခဲ့သော အဆိုပါ နောင်ချိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၅ ဦး၏ နုတ်ထွက်လွှာတွင် နောင်ချိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် **စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ✢